19 အရင်ဆုံး + သို့ +
ပြီးနောက် +
20 ဘာလို့ဒီလောက်
21 ရပ်သည်
22 ရထားဘူတာ
23 စီးသည်
24 လိုင်းနံပါတ်တစ်
25 Dongdanဘူတာ
26 ပြောင်းသည်
27 အိုင်းယား

D မေးခွန်း

ဝေါဟာရ ： 01 စကားလုံးတိုင်းတာ(ကြီးမားသောအဆောက်အဦး) 02 လမ်းလျှောက်သည် 03 စီးသည်
04 စီးသည် 05 စီး(စကားလုံးတိုင်းတာ)

သင်ခန်းစာ (၁၈) : တောင်းပန်ခြင်း

A/B စာသား

01 Xiaoming : ဝင်ခွင့်ပြုပါ။

02 ဆရာမ : ဝင်လာခဲ့။

03 Xiaoming, Maike : တောင်းပန်ပါတယ် ဆရာမ၊ ကျွန်တော်တို့နောက်ကျသွားတယ်။

04 ဆရာမ : ဘာဖြစ်လို့လဲ၊ ဘာလို့နောက်ကျတာလဲ။

05 Xiaoming : လမ်းမှာ . . လမ်းမှာ ကားလမ်းကြပ်နေလို့။

06 ဆရာမ : နောက်ကျရင် စောစောထွက်လာခဲ့၊ ကောင်းပြီ၊ မင်းတို့သွားထိုင်လိုက်တော့။

07 Xiaoming : တောင်းပန်ပါတယ်၊တောင်းပန်ပါတယ်၊ တစ်ကယ်တောင်းပန်ပါတယ်။ ငါ သတိမထားတဲ့အတွက် အကုန်လုံးငါ့အမှားပဲ မင်းစာအုပ်ကိုတိုက်မိသွားပြီ။

08 အတန်းဖော် : ရတယ် ရတယ်။ အိုင်း . .Xiaoming နင်နည်းနည်းလောက်ဂရုပိုစိုက်အုံး။

09 ဆရာမ : ဟုတ်ပြီ ကျောင်းသားတို့ စာအုပ်ဖွင့်ပါ စာမျက်နှာ ၃၀ဆယ်ကို လှန်ပါ။ ဆရာမ အိမ်စာစစ်မယ်။

10 Xiaoming : အိုင်းရား . . စာအုပ်ကို အိမ်မှာမေ့ခဲ့တယ်။

11 Xiaoming : ဆရာမ တောင်းပန်ပါတယ်။

C ဝေါဟာရ

01 ဝင်ခွင့်ပြုပါ
02 ဝင်ခဲ့ပါ
03 နောက်ကျသည်
04 ဘယ်လိုဖြစ်တာလဲ
05 လမ်း
06 ယာဉ်ကြောပိတ်ဆို့မှု
07 ပြီးနောက်၊ ပြီးတော့
08 စောစော
09 ထွက်လာသည်
10 ကိုယ့်နေရာကိုထိုင်
11 တောင်းပန်ပါတယ်
12 တောင်းပန်သည်
13 အလေးပေးမှု
14 အမှား (အပြစ်တင်)
15 သတိထားသည်
16 ba (SOV)
17 တိုက်မိသည်
18 အတန်းဖော်
19 ရပါတယ်
20 ဖွင့်သည်
21 လှန်သည် (စာအုပ်)
22 စာမျက်နှာ
23 စစ်ဆေးသည်
24 အိမ်စာ

D မေးခွန်း

ဝေါဟာရ : 01 ဆင်ခြေ 02 အကြိုပြုချက်

သင်ခန်းစာ (၁၉) : အိမ်မွေးတိရိစ္ဆာန်အကြောင်းပြောခြင်း

A/B စာသား

01 အတန်းဖော်(၁) : နင့်တို့အမြန်လာကြည့် ဒီအမွှေးဖွာဖွာလေးနဲ့ခွေးလေးက အရမ်းချစ်ဖို့ကောင်းတယ်။ Lanlan ဒါကမင်းရဲ့ခွေးလေးလား။

02 Lanlan : ဟုတ်တယ်။ သူက ငါ့ရဲ့ အိမ်မွေးတိရိစ္ဆာန်လေးလေ။

03 အတန်းဖော်(၂) : သူ့နာမည် ဘယ်လိုခေါ်လဲ။

04 Lanlan : သူ့နာမည်က feifei ။ ဒီနှစ်ဆိုအသက်က ၃နှစ်ရှိပြီ။ မင်းရော အိမ်မွေးတိရစ္ဆာန် မွေးလား။

05 အတန်းဖော်(၁) : အိုင်း . မရှိဘူး၊ အမေက ခွင့်မပြုဘူး။ အကယ်၍ငါမွေးလို့ရှိရင် ငါ "jiāfēi" ကြောင်လေးမွေးမယ်။

06 Lanlan : မင်းရော။ အိမ်မွေးတိရိစ္ဆာန်ရှိလား။

07 အတန်းဖော်(၂) : ငါ့မှာ ခွေးတစ်ကောင်နဲ့ လိပ်လေးနှစ်ကောင်မွေးထားတယ်။

08 Lanlan : အား. . မင်းလည်းခွေးမွေးတယ်ပေါ့။

09 အတန်းဖော်(၂): ဟုတ်တယ်.. . ငါမွေးတာက "Hashiqi" ။ ခန္ဓာကိုယ်အချိုးအစားက အရမ်း ကြီးတယ်။

10 Lanlan : "Hashiqi" အရမ်းမိုက်တာပဲ။ ငါ ဇာတ်ကားတွေထဲမှာ ကြည့်ဖူးတယ်။

11 အတန်းဖော်(၁) : ဟုတ်တယ်၊ဟုတ်တယ်။ ငါလည်း ကြည့်ဖူးတယ်။

12 အတန်းဖော်(၂) : အဲဒါဆို ပိတ်ရက်ကျရင် နင်တို့ငါ့အိမ်ကိုလာလည်ပါလား။

13 Lanlan : တကယ်လား။

14 အတန်းဖော်(၁) : ဟုတ်ပြီ၊ အရမ်းကောင်းတာပဲ။

C ဝေါဟာရ

01 ပထမ(၁)
02 ဒုတိယ(၂)
03 ခွေး
04 အမွေးပွသော
05 ချစ်စရာကောင်းသော
06 သူ(တိရိစ္ဆာန်)
07 အိမ်မွေးတိရိစ္ဆာန်
08 Feifei (အမည်)
09 ခွင့်ပြုသည်
10 မွေးသည်
11 လျှင်
12 စကားလုံးတိုင်းတာ (ကောင်)
13 Jiafei ကြောင်
14 စကားလုံးတိုင်းတာ (ရှည်လျားသော)
15 လိပ်
16 Hashiqi ခွေး (Husky)
17 ခန္ဓာကိုယ်အချိုးအစား
18 မိုက်တယ်
19 ဇာတ်ကား၊ ရုပ်ရှင်
20 မြင်ဖူးတယ်
21 လည်းပဲ
22 ဒါဆို
23 စနေနှင့်တနင်္ဂနွေနေ့
24 ပျော်စရာကောင်းသော
25 သိပ်ကောင်းတယ်

D မေးခွန်း

ဝေါဟာရ 01 အမျိုးသမီး 02 ယောကျ်ား 03 ဘယ်လိုမျိုးလဲ 04 ထင်သည်

သင်ခန်းစာ (၂၀) : အိမ်စာ နှင့် သင်ရိုး

A/B စာသား

01 Xiaoming : အိုး.. ကျောင်းဆင်းပြီ၊ အိမ်ပြန်လို့ရပြီ။ ဒီနေ့က တကယ့်ကို အမည်းရောင် တနင်္လာ နေ့ပဲ။

02 Lanlan : အမည်းရောင်တနင်္လာနေ့၊ ဘာဖြစ်လို့လဲ။

03 Maike : Lanlan နင်မသိပါဘူး။ ဒီနေ့မနက်ငါတို့ အအိပ်လွန်ပြီး ကျောင်းနောက်ကျတယ်။

04 Xiaoming : ကျန်သေးတယ်။ အတန်းတက်တာ စာအုပ်မယူခဲ့ဘူး။

05 Lanlan : နင်တို့ကတော့လေ။ အိုင်း . . Xiaoming နင်တို့ဒီနေ့ အားကစားချိန်ရှိတာလား။

06 Xiaoming : ရှိတယ်၊ အားကစားချိန်နှစ်ချိန်ပါတယ်၊ နင်ဘယ်လိုသိတာလဲ။

07 Lanlan : နင့်ခန္ဓာကိုယ်ကိုကြည့်တာအဲလောက်ထိ ညစ်ပတ်နေတာကို အားကစားချိန်ပါ မှန်း သိတာပေါ့။

08 Maike : Lanlan ငါ အားကစားအတန်းကို တက်ရတာ အရမ်းကြိုက်တယ်။နင်ရော၊ မင်း ဘယ်အတန်းကို တက်ရတာကြိုက်လဲ။

09 Lanlan : ငါက တရုတ်စာအတန်းကို တက်ရတာ ကြိုက်တယ်။ သင်္ချာတော့ မကြိုက်ဘူး။

10 Xiaoming : ကျွတ်(အာမေဍိတ်)ငါ့အထင်တော့ နင်အတန်းအားလုံးကို ကြိုက်တယ်၊ နင် အတန်းတိုင်းရဲ့အမှတ်က အဲလောက်ကောင်းတာကို။

11 Lanlan : အိုင်းရား...ကောင်းပြီ၊ကောင်းပြီ၊ Maike ဒီနေ့နင်တို့ဆရာက အိမ်စာပေးလား။

12 Maike : သေချာတာပေါ့၊ ဘာသာရပ်တိုင်း ပေးတယ်၊ အမည်းရောင်တနင်္လာနေ့က မပြီး သေးဘူး။

13 Lanlan : ဒါဆို နင်တို့ ငါ့အိမ်သွားပြီး အိမ်စာလုပ်ပါ့လား။

14 Maike : ကောင်းတာပေါ့၊ Xiaoming မင်းရော။

15 Xiaoming : အား...အိမ်စာလား.. Maike မင်းသွား၊ ငါလုပ်စရာရှိသေးတယ်။

16 Lanlan : လုပ်စရာရှိသေးတယ်၊ဘာလုပ်စရာလဲ။

17 Xiaoming : ငါ... သူတို့ငါ့ကိုခေါ်နေပြီ၊ ဟေး. . သူငယ်ချင်းတို့ ငါ့ကိုလည်း ထည့်တွက်အုံး။

C ဝေါဟာရ

01 ကျောင်းဆင်းပြီ
02 အလေးပေးမှု
03 တနင်္လာနေ့
04 အလေးပေးမှု
05 မသိဘူး
06 မနက်ပိုင်း
07 အအိပ်လွန်သည်
08 ကျောင်းတက်သည်
09 နောက်ကျသည်
10 ယူဆောင်သည်
11 အလေးပေးမှု
12 အားကစား
13 အတန်း
14 စကားလုံးတိုင်းတာ (အတန်းချိန်)
15 ခန္ဓာကိုယ်ပေါ်မှာ
16 အဲလောက်
17 ညစ်ပတ်သော
18 အထူး၊ အရမ်း
19 တရုတ်ဘာသာ
20 သင်္ချာ
21 အလေးပေးမှု
22 ဘာဖြစ်ဖြစ်
23 အားလုံး
24 …တိုင်း
25 ရလဒ်
26 ပေးသည် (ထားခဲ့သည်)
27 အိမ်စာ
28 သေချာဒါပေါ့
29 ရေးသည်
30 ကိစ္စ
31 ခေါ်သည်
32 သူငယ်ချင်း
33 ထည့်တွက်သည်

D မေးခွန်း

ဝေါဟာရ: 01 ဘာလဲ/ ဘာဖြစ်ဖြစ် 02 သိသည် 03 အိမ်စာ

A/B စာသား

01 Xiaoming : အဖေ၊အမေ ကျွန်တော်တို့ပြန်လာပြီ၊ ဒါက မိဘတွေ သတိပေးစာ။ မင်းကို ပေးတယ်။

02 အမေ : ဒါကဘာလဲ။

03 Xiaoming : အိုင်းရား . . ကိုယ်တိုင်ဖတ်ကြည့်ပါ့လား။

04 အမေ : မနက်ဖြန် နေ့လည်ခင်း နှစ်နာရီမိဘအစည်းအဝေးကျင်းပမယ်။

05 အဖေ : ဘာကိစ္စလဲ။

06 အမေ : အိုင်း..Lao Wang မနက်ဖြန် နေ့လည်ခင်း၂နာရီကျောင်းမှာ မိဘအစည်းအဝေး ရှိတယ်၊ နင်သွားလိုက်ပါ လား။

07 အဖေ : မနက်ဖြန်. . ၊ မနက်ဖြန်နေ့လည် ငါအရမ်းအရေးကြီးတဲ့ အစည်းဝေးတစ်ခု တက်စရာရှိတယ်။

08 အမေ : မင်းကိစ္စထပ်ရှိပြန်ပြီ၊ မိဘအစည်းအဝေးရှိတိုင်း အမြဲအရေးကြီးတဲ့အစည်း ဝေးရှိနေတာပဲ။

09 အဖေ : မတတ်နိုင်ဘူးလေ၊ ငါမိန့်ခွန်းပြောရအုံးမှာ၊ Li Hong မင်းသွားလိုက်။

10 အမေ : ငါလည်းငါအလုပ်ရှိတာပဲ။

11 Xiaoming : အိုင်းရား..အမေ. . အဖေကသွားစေချင်တာပဲ၊ အမေ သွားလိုက်လေ။ ပြီးတော့ ကျွန်တော်အမေ့ကိုပဲသွားစေချင်တယ်။

12 အမေ : မင်းငါ့ကိုသွားစေချင်တယ် ၊ မင်းအမှားလုပ်ထားတာလား။

13 Xiaoming : မလုပ်ဘူး၊မလုပ်ဘူး၊ အဲအတွက်တော့ စိတ်ချ။

14 အမေ : မင်းကတော့။

15 အမေ : ဟယ်လို. . မန်နေဂျာ Zhang လား၊ မင်္ဂလာပါ ကျွန်မက Li Hong ပါ။ ကျွန်မ မနက်ဖြန်နေ့ခင်း ခွင့်ယူချင်လို့ပါ၊ မိဘအစည်းဝေးအတွက် ကျောင်းကိုသွား ရမှာ မလို့ပါ။ ကောင်းပြီ၊ ကောင်းပြီ။ မိဘအစည်းဝေးပြီးတာနဲ့ ကုမ္ပဏီကို လာခဲ့ပါမယ်။ အိုး...ဒုက္ခပေးမိပြီ။ ကောင်းပြီ ကောင်းပြီ ကျေးဇူးတင်ပါတယ်၊ နောက်မှတွေ့မယ်။

16 အမေ : Lao Wang မနက်ဖြန် ၄နာရီ ငါအစည်းဝေးတစ်ခုရှိသေးတယ်၊ မိဘအစည်း ဝေးပြီးရင်ငါကုမ္ပဏီကို ပြန်သွားရအုံးမယ်။

17 အဖေ : ငါပြောပါတယ်၊ ငါ့မိန်းမဆီမှာ နည်းလမ်းရှိပါသေးတယ်လို့။

C ဝေါဟာရ

01 အိမ်ထောင်ဦးစီး
02 အသိပေးချက်
03 အိုင်းယား
04 ကျင်းပသည်
05 မိဘအစည်းအဝေး
06 ဘာကိစ္စလဲ
07 တက်ရောက်သည်
08 အရမ်း
09 အရေးကြီးသော
10 အစည်းအဝေး
11 ထပ် (နောက်ထပ်)
12 အချိန်တိုင်း
13 ကျင်းပသည်
14 အလေးထားမှု
15 မတတ်နိုင်ဘူး
16 မိန့်ခွန်းပြောသည်
17 စေချင်တယ်
18 ပြီးတော့
19 အမှားပြုလုပ်သည်
20 စိတ်ချပါ
21 ဟယ်လို
22 မျိုးရိုးနာမည်
23 မန်နေဂျာ
24 ခွင့်ယူသည်
25 ကျောင်း
26 နှင့်တစ်ပြိုင်နက် + ထို့နောက် +
27 ပြီးဆုံးသည်
28 ကုမ္ပဏီ
29 ငါပြောခဲ့ပါတယ်
30 သေးသည်
31 ဇနီး
32 လူကောင်း
33 နည်းလမ်းရှိသည်

D မေးခွန်း

ဝေါဟာရ : 01 လှုပ်ရှားမှု 02 မယုံဘူး 03 ခွင့်ယူသည် 04 ဘယ်လောက်ကြာကြာ

သင်ခန်းစာ (၂၂) : ရာသီဥတုအကြောင်း ဆွေးနွေးခြင်း(၁)

A/B စာသား

01 Lanlan : Maike နင်ကြည့် ဒီပုစ္ဆာ ဒီလောက်ထိလုပ်တာ.......

02 Xiaoming : အိုင်းယိုး...ငါမင်းတို့ကို တောင်းပန်ပါတယ် မလေ့လာပါနဲ့တော့၊ မနက်ဖြန် အားလပ်ရပ်ပဲ၊ ငါတို့အနားယူကြရအောင်၊ ဟေး...Lanlan အတူတူအပြင် သွားကြရင်ရောဘယ်လိုလဲ။

03 Xiaoming : ကောင်းပြီ၊ နင်ဘာမှမပြောနဲ့တော့၊ ငါမှားတယ်ဟုတ်ပြီလား၊ မင်းတို့လေ့လာကြ။

04 Lanlan : ငါနဲ့ Maike လည်း အနားယူချင်နေတာ၊နင်ပြောကြည့်လေ မနက်ဖြန် နင်ဘယ် သွားလည်ချင်တာလဲ။

05 Xiaoming : ငါတို့မနက်ဖြန် Tiantan ဘုရားကျောင်းသွားကြစို့။ ငါသွား ချင်လို့မဟုတ်ဘူးနော် Maike မရောက်ဖူးသေးလို့။

06 Lanlan : ကောင်းတယ်၊ ငါတို့ Maikeကို လမ်းညွှန်လုပ်ပေးကြတာပေါ့၊ Maike ဘယ်လိုလဲ၊ နင်သွား ချင်လား။

07 Maike : အရမ်းကောင်းတာပဲ၊ ငါအရင်ကတည်းက သွားချင်နေတာ။

08 Lanlan : Xiaoming မနက်ဖြန်ရာသီဥတုက ဘယ်လိုလဲ။

09 Xiaoming : ငါ ၁၂၁၂၁ ကိုဖုန်းခေါ်ပြီး မိုးလေဝသကြေညာတာကိုနားထောင်ကြည့် လိုက်မယ်။

10 Yubao : မနက်ဖြန် နေသာတာ ကနေ တိမ်ထူမယ်။ အမြင့်ဆုံးက ၂၀ ဒီဂရီစင်တီဂရိတ်၊ နေရာကွက်ကြားတွေတော့ မိုးအနည်းငယ်ရွာမယ်။

11 Maike : Xiaoming ဘယ်လိုလဲ။

12 Xiaoming : မိုးလေဝသကြေညာချက်အရတော့ မနက်ဖြန် နေသာတာကနေ တိမ် ထူမယ် အမြင့်ဆုံးအပူချိန်က ၂၀ ဒီဂရီစင်တီဂရိတ်တဲ့၊ပြီးတော့ နေရာကွက် ကြား မိုးအနည်းငယ်ရွာမယ်။

13 Maike : နေရာကွက်ကြား မိုးရွာမယ်၊ Tiantan ဘုရားကျောင်းကတော့ နေရာကွက်ကြားမှာရှိတာတော့မဟုတ် ပါဘူးနော်။။

14 Lanlan : Maike “ ကွက်ကြား” ဆိုတာ အချို့နေရာ လို့ပြောတာ၊ နေရာနာမည်ကိုပြော တာမဟုတ်ဘူး။ ကောင်းပြီ၊ ကောင်းပြီ Xiaoming . .မနက်ဖြန်မိုးရွာလိမ့်မယ်၊ ထီးယူဖို့မမေ့နဲ့အုံး။

15 Xiaoming : စိတ်ချ၊ စိတ်ချ။

C ဝေါဟာရ

01 ဒီပုဏ္ဏာ
02 အိုင်းယိုး (အလေးပေးမှု)
03 တောင်းပန်သည်
04 မ + နဲ့
05 စနေနဲ့ တနင်္ဂနွေနေ့
06 ငါတို့
07 အနားယူသည်
08 လုပ်ပေးသည်
09 Tiantan (နေရာနာမည်)
10 လမ်းညွှန်
11 ရာသီဥတု
12 ဘယ်လိုလဲ
13 ခေါ်သည်
14 ၁၂၁၂၁
15 နားထောင်သည်
16 မိုးလေဝသကြေညာချက်
17 နေသာမှတိမ်ထူ
18 ကွက်ကြား
19 နေရာ(ဒေသ)
20 မိုးဖွဲဖွဲရွာသည်
21 ဒီဂရီ စင်တီဂရိတ်
22 အချို့နေရာ
23 အချို့
24 အဓိပ္ပာယ်
25 နေရာအမည်
26 မေ့သည်
27 ယူဆောင်သည်
28 ထီး
29 စိတ်ချပါ

D မေးခွန်း

ဝေါဟာရ ： 01 ဖြစ်ရန် 02 လမ်းညွှန်သည် 03 ရယ်သည်/ ပြုံးသည်

သင်ခန်းစာ (၂၃) : ရာသီဥတုအကြောင်းဆွေးနွေးခြင်း(၂)

A/B စာသား

01 Lanlan : Maike နင်ဘာလုပ်နေတာလဲ။

02 Maike : ငါ . .အိုင်း.. Lanlan မနက်ဖြန်ရဲ့ရာသီဥတုကို စိတ်ပူနေတာ။
မိုးလေဝသကြေညာချက်အရတော့ နေရာကွက်ကြားမိုးရွာမယ်တဲ့၊
မနက်ဖြန်မိုးရွာရင် ငါတို့ Tiantan ဘုရားကျောင်းကိုသွားအုံးမလား။

03 Xiaoming : အိုင်းယား..Maike မင်းဘာတွေစိုးရိမ်နေတာလဲ၊ မနက်ဖြန်မိုးရွာရင် ငါတို့
တနင်္ဂနွေနေ့သွားမယ်။

04 Maike : မရဘူး၊ တနင်္ဂနွေနေ့ ငါတရုတ်စာအတန်းတက်ရမယ်။

05 Lanlan : ဒါဆို ငါတို့နောက်တစ်ပတ်စနေနေ့သွားမယ်ဆိုရင်ရော။

06 Maike : ဒီတစ်ပတ်သွားတာ ပိုကောင်းတယ်၊ငါသွားချင်တာ ကြာနေပြီ။

07 Xiaoming : ဟုတ်တယ်၊ ဟုတ်တယ်၊ ဘာနောက်အပတ်လဲ၊ ငါတို့ရဲ့Maikeက ဒီအပတ်လို့
ပြောတာကို။

08 Lanlan : ငါအထင်တော့ တကယ်သွားချင်နေတဲ့သူကနင်ပဲ။ ငါကြည့်တာကတော့ ဒီနေ့
ရာသီဥတုက ဒီလောက်တောင်ကောင်းတာကို မနက်ဖြန်မိုးရွာမယ်ဆိုတာမ
သေချာဘူး။ စိတ်ချပါ Maike အကယ်၍ မိုးရွာလည်း ကိစ္စမရှိဘူး။ မိုးရေထဲ
Tiantan ဘုရားကျောင်းကို လည်ရတာလည်း အရမ်းစိတ်ဝင်စားဖို့ ကောင်း တယ်။

09 Xiaoming : စိတ်ဝင်စားတာတော့ စိတ်ဝင်စားဖို့ ကောင်းတာပေါ့ ၊ဒါပေမယ့် ဓာတ်ပုံ
တော့ရိုက်လို့မရဘူး။

C ဝေါဟာရ

01 ဘာလုပ်နေလဲ	07 မရဘူး	14 မသေချာဘူး
02 စိတ်ပူသည်	08 နောက်တစ်ပတ်	15 စိတ်ချပါ
03 အကယ်၍(လျှင်)	09 သင့်သည် / ပိုကောင်းတယ်	16 ကိစ္စမရှိပါဘူး
04 နေတုန်း	10 ငါတို့ရဲ့ + (နာမည်)	17 မိုးရေထဲ လည်ပတ်သည်
05 လျှင်	11 ငါထင်တာတော့	18 စိတ်ဝင်စားဖွယ်ကောင်းသော
06 သိသာသော	12 အပြင်ထွက်သည်	19 တာတော့ + တာပေါ့
(အလေးပေးမှု)	13 ပျော်ရွှင်စွာ	20 မတတ်နိုင်ဘူး

D မေးခွန်း

ဝေါဟာရ : 01 ဘယ်လိုလုပ်မလဲ 02 တနင်္ဂနွေ

သင်ခန်းစာ (၂၄) : ဈေးဝယ်ထွက်ခြင်း (၁)

A/B စာသား

01 Xiaoming အမေ : ငါပြန်လာပြီ။

02 Xiaoming, Maike : အမေ၊ အန်တီ။

03 Xiaoming အမေ : မင်းတို့နှစ်ယောက်လုံး အိမ်ရောက်နေပါလား။

04 Maike : ဟုတ်တယ်အန်တီ၊ ဒီနေ့ကျောင်းစောစောဆင်းလို့။

05 Xiaoming အမေ : ဟုတ်သားပဲ၊ ခုနတုန်းက ဈေးမှာ လျှော့ဈေးနဲ့ရောင်းနေတာငါတွေ့ခဲ့တယ်၊ အခုတလော နည်းနည်းအေးတယ်ဆိုတော့ မင်းတို့ကို အင်္ကျီအချို့ဝယ်ပေးဖို့ခေါ်သွားမယ်။

06 Xiaoming : အိုင်းယိုး..အမေ ခဏနေ NBA ပြိုင်ပွဲလာမှာ၊ ကျွန်တော်အိမ်မှာပဲ တီဗွီကြည့်မလို့၊ Maike ကိုပဲခေါ်သွားလိုက်။

07 Xiaoming အမေ : မင်း..ဒီကလေးကတော့လေ၊ သွားမယ် Maike အန်တီမင်းကိုခေါ်သွားမယ်။

08 Xiaoming အမေ : Maike ဒီတစ်ထည်ကြည့်လို့ကောင်းတယ်လို့ ထင်လား။

09 Maike : ကြည့်လို့ကောင်းတယ်၊ ကျွန်တော် ကြိုက်တယ်။

10 Xiaoming အမေ : တစ်ဆိတ်လောက် သူဝတ်လို့ရမယ့် ဆိုဒ်ရှိလား။

11 ဆိုင်ဝန်ထမ်း : ရှိတယ်၊သူ M ဆိုဒ်ဝတ်လို့ရတယ်။

12 Maike : ကျွန်တော်စမ်းဝတ်ကြည့်လို့ရလား။

13 ဆိုင်ဝန်ထမ်း : ရပါတယ်၊ ခဏလောက်စောင့်ပေးပါအုံး၊ ဒီတစ်ထည်က Mဆိုဒ်ပဲ၊ မင်းစမ်းဝတ်ကြည့်လိုက်လေ၊ အဝတ်စားလဲခန်းက ဟိုဘက်နားမှာပါ။

14 Maike : အန်တီ ဘယ်လိုနေလဲ။

15 Xiaoming အမေ : ငါကြည့်ကြည့်မယ်၊ အမ်..ဒီတစ်ထည် နည်းနည်းသေးနေတယ်၊ ဆိုဒ်ကြီးတစ်ထည် လဲပေးလို့ရလား။

16 ဆိုင်ဝန်ထမ်း : ကောင်းပြီ။ ရှာလိုက်အုံးမယ်၊ ဒီတစ်ထည်ကတော့ L ဆိုဒ်၊ နောက်တစ်ခေါက်ထပ်ဝတ်ကြည့်ပါလား။

17 Xiaoming အမေ : အမ် . . လိုက်ဖက်တယ်၊ အရမ်းဖြတ်လတ်မှုရှိတယ်။ တစ်ဆိတ်လောက်ကျွန်မ ဒီတစ်ထည်ယူမယ်။

18 ဆိုင်ဝန်ထမ်း : ဟုတ်ကဲ့၊ ငွေရှင်းကောင်တာက ဟိုဘက်မှာပါ။

19 Xiaoming အမေ : ကျေးဇူးတင်ပါတယ်။

C ဝေါဟာရ

01 ကျောင်းဆင်းသည်
02 ဟုတ်သားပဲ
03 ခုနလေးက
04 မြင်သည်
05 ဈေးဝယ်စင်တာ
06 လျှော့ဈေး
07 အခုတလော
08 အပူချိန်ကျဆင်းသည်
09 အချို့
10 ထည် (အဝတ်အစား)
11 အဝတ်အစား
12 ရုပ်မြင်သံကြား
13 ထင်သည်
14 ကြည့်ကောင်းသော
15 ကျေးဇူးပြုပြီး
16 ဝတ်ဆင်သည်
17 ဆိုဒ်(နံပါတ်)
18 ဆိုင်ဝန်ထမ်း
19 ဟုတ်ပြီ၊ ကောင်းပြီ
20 စမ်းကြည့်ပါ
21 ဟုတ်တာပေါ့
22 ရတယ်(နိုင်တယ်)
23 ခဏစောင့်ပါ
24 အဝတ်လဲခန်း
25 ဟိုဘက်မှာ
26 ဘယ်လိုလဲ
27 သေးသော
28 လဲလှယ်သည်
29 ကြီးသော
30 ထပ်(နောက်ထပ်)
31 လိုက်ဖက်သည်
32 ဖြတ်လတ်သော
33 ငွေရှင်းသည့် ကောင်တာ

D မေးခွန်း

ဝေါဟာရ : 01 ဈေး 02 လိုက်ဖက်သည်

သင်ခန်းစာ (၂၅) : ဈေးဝယ်ခြင်း (၂)

A/B စာသား

01 Xiaoming အမေ : Maike ငါတို့ဟိုဘက်နားသွားကြည့်ရအောင်၊ ငါမင်းနဲ့ Xiaoming အတွက် ဂျင်းဘောင်းဘီနှစ်ထည်ဝယ်ပေး ချင်တယ်။

02 Maike : ကျေးဇူးတင်ပါတယ် . . အန်တီ။

03 Xiaoming အမေ : ဒီတစ်ထည်မဆိုးဘူးပဲ၊ ဒီတစ်ထည် L ဆိုဒ်လေးပေးပါ။

04 ဆိုင်ဝန်ထမ်း : ဘယ်သူအတွက်လဲ၊ ဒီကောင်လေးအတွက်လား။

05 Xiaoming အမေ : ဟုတ်တယ်။

06 ဆိုင်ဝန်ထမ်း : M ဆိုဒ်ဝတ်ကြည့်ပါလား၊ ကျွန်မအထင်တော့ M ဆိုဒ်နဲ့တော်လောက်တယ်။

07 Xiaoming အမေ : ကောင်းပြီ။ အိုး . . Maike . . ဒီဘောင်းဘီက သိပ်မတော်ဘူး ထင်တယ်၊ဘောင်းဘီရဲ့ ခြေထောက်က နည်းနည်းကြီးနေတယ်။ မင်း အဲဒီအမဲရောင်ကို ဝတ်ကြည့်တာပိုကောင်းလောက်မယ်။

08 ဆိုင်ဝန်ထမ်း : ဒီအမဲရောင်တစ်ထည်ကို ပြောတာလား။

09 Maike : ဟုတ်တယ်၊ဒီတစ်ထည်ကိုပြောတာ။

10 ဆိုင်ဝန်ထမ်း : တောင်းပန်ပါတယ်၊ ဒီအမျိုးအစားထဲက ပစ္စည်းကုန်သွားလို့ပါ၊ မနက်ဖြန်ဆိုရင်တော့ ပစ္စည်းရောက်လောက်တယ်။

11 Xiaoming အမေ : နမူနာအနေနဲ့ ဆိုဒ်ကဘာဆိုဒ်လဲ။

12 ဆိုင်ဝန်ထမ်း : ကျွန်မ ကြည့်ပါရစေ၊ ဒါကလည်း Mဆိုဒ်ပဲ၊ သူဝတ်လို့ရတယ်၊ မင်းအ ရင်စမ်းဝတ်ကြည့်ပါလား။

13 Xiaoming အမေ : ဒီတစ်ထည်က ပိုပြီးအဆင်ပြေတယ်၊ ဒီနေ့ပိုက်ဆံပေးထားလိုက်မယ် မနက်ဖြန်မှပစ္စည်းလာရွေးမယ်ရလား။

14 ဆိုင်ဝန်ထမ်း : ရပါတယ်၊ဖုန်းနံပါတ်ချန်ပေးခဲ့ပါ၊ ပစ္စည်းရောက်တာနဲ့ဆက်သွယ်လိုက်ပါမယ်။

15 Xiaoming အမေ : ရပါတယ်။ ဒါနဲ့ ဒီအနက်ရောင် ဂျင်းကို နှစ်ထည်ယူမယ်၊ အကုန်လုံး M ဆိုဒ်ပဲ။ Xiaoming ကိုလည်းတစ်ထည်ပေးမယ်။

16 Maike : အန်တီ ဒီဂျင်းက လျှော့ဈေးရှိတယ်မလား၊ ဈေးလျှော့ပေးလို့ရလား။

17 ဆိုင်ဝန်ထမ်း : ဒီဂျင်းက အထူးဈေးမလို့၊ လျှော့ဈေးမရပါဘူးရှင့်။

18 Xiaoming အမေ : ကျေးဇူးတင်ပါတယ်၊ Maike . . သွားကြစို့။

C မေးခွန်း

01 အဝတ်အစား
02 ဂျင်းဘောင်းဘီ
03 မဆိုးဘူး
04 ယောကျ်ားလေး
05 စမ်းဝတ်သည်
06 ထင်သည်
07 ရပါတယ်
08 သင့်တော်သည်
09ဘောင်းဘီခြေထောက်
10 ပွသော၊ ကြီးသော
11 အမည်းရောင်
12 အမျိုးအစား
13 ပစ္စည်းပြတ်သွားပြီ
14 ပစ္စည်းရောက်သည်
15 နမူနာပစ္စည်း
16 ဆိုဒ်(နံပါတ်)
17 ဝတ်သည်
18 အရင်ဆုံး
19 ပို(နှိုင်းယှဉ်)
20 အံကိုက်ဖြစ်သည်
21 ပေးဆောင်သည်
22 တစ်ဖန်
23 ရွေးသည်
24 ချန်ခဲ့သည်
25 တာနဲ့...ပြီးနောက်
26 ဒါနဲ့
27 လျှော့ဈေး
28 ဈေးလျှော့ပေးသည်

သင်ခန်းစာ(၂၆) : လမ်းမေးခြင်း

A/B စာသား

01 Lanlan : ဒီနေ့ရာသီဥတုတကယ်ကောင်းတယ်၊ငါ "Houhai" ကိုသွားချင်နေတာကြာပြီ၊
နောက်ဆုံးတော့ သွားဖို့အခွင့်ရေးရပြီ။

02 Maike : Lanlan " Houhai"ဆိုတာပင်လယ်လား။ အဲမှာပျော်စရာကောင်းတာတွေရှိလား။

03 Lanlan : Maike "Houhai"ဆိုတာ ပင်လယ်မဟုတ်ဘူး၊ နင်သိလား၊မွန်ဂိုလီခေတ်
တုန်း က ကန်တွေကို "haizi"လို့ခေါ်တယ်၊ ယွမ်မင်းဆက်ခေတ်မှာတော့ ကန်
တွေကို " hai" လို့ စတင်ခေါ်ဆိုတယ်။ ဥပမာ "Beihai" , " Zhongnanhai" လည်းရှိတယ်၊ ဒါ
ကြောင့် "Houhai" ကလဲ ရေကန်ပဲ။

04 Lanlan : Xiaoming အဲကိုဘယ်လိုသွားရမလဲ။

05 Xiaoming : ပထမဆုံး ဘစ်(စ်)ကားစီးသွားမယ်။

06 Lanlan : နင် Houhai ကိုသွားဖူးတယ်လို့ ပြောဖူးတယ်မလား။

07 Xiaoming : Lanlan. . နင်စိုးရိမ်မနေပါနဲ့ စိတ်ချပါ၊ ငါနောက်လိုက်ခဲ့၊အဆင်ပြေသွား
လိမ့်မယ်။ ငါတို့တည့်တည့်သွားပြီး လမ်းဆုံရောက်ရင် ဘယ်ဘက်ကွေ့မယ်။

08 Maike : သွားကြစို့။

09 Lanlan : ငါတို့ဘာလို့ လမ်းရှာမတွေ့သေးတာလဲ၊ ငါတို့လမ်းမှားနေတာတော့မဟုတ်ပါ ဘူးနော်။

10 Maike : Xiaoming. . ငါတို့တော့လမ်းပျောက်ပြီထင်တယ်။

11 Xiaoming : မဟုတ်လောက်ပါဘူး၊တစ်ယောက်ယောက်ကိုမေးလိုက်မယ်။

12 Lanlan : ခုဏတုန်းကညွှေ့လမ်းညွှန်နဲ့တူပြီး အခုတော့ အရှေ့၊ တောင်၊နောက်၊ မြောက်
တောင်မသိတော့ပါလား။

13 Xiaoming : အန်တီမင်္ဂလာပါ၊ " Houhai" ကိုဘယ်လိုသွားရမလဲ။

14 အန်တီ : မင်းတို့က ကြာပန်းဈေးနားက " Houhai" ကိုသွားချင်တာလား။

15 Xiaoming : ဟုတ်တယ်၊ ကြာပန်းဈေး။

16 အန်တီ: ဒီလမ်းအတိုင်းလျှောက်ပြီး ရှေ့ကိုသွားပါ၊လမ်းဆုံရောက်ရင် ဘယ်ဘက်ကို
ကွေ့ ပြီးရင် တည့်တည့်သွားလိုက်ရင် ရောက်ပြီ။

17 Xiaoming : ကျေးဇူးတင်ပါတယ် အန်တီ။ ငါတို့ဒီလမ်းအတိုင်းသွားရမယ်။

18 Maike : ငါတို့လမ်းမှားသွားခဲ့တယ်၊ Xiaoming မင်းက အရည်အချင်းမပြည့်သေးတဲ့
လမ်းညွှန်ပဲ။

C ဝေါဟာရ

01 Houhai (နေရာနာမည်)
02 ပျော်ရွှင်စရာ
03 နောက်ဆုံးတော့
04 အခွင့်အရေး
05 ပင်လယ်
06 သိသည်
07 မွန်ဂိုလီးယား
08 အဖြစ်သိသည်
09 ရေကန်
10 ရေကန်
11 ယွမ်မင်းဆက်
12 မြို့တော်ကို တည်ထောင်သည်
13 အဲ့အချိန်တုန်းက
14 စတင်သည်
15 အဖြစ်သိသည်
16 မင်းကြည့်
17 ပြီးတော့
18 Beihai (နေရာနာမည်)
19 Zhongnanhai (နေရာနာမည်)
20 ဒါကြောင့်
21 ဘယ်လိုသွားရမလဲ
22 အရင် + ပြီးနောက် +
23 စီးသည်
24 ဘတ်စ်ကား
25 စိတ်မပူပါနဲ့
26 စိတ်ချပါ
27 နှင့်အတူ
28 ပြဿနာမရှိဘူး
29 ရှေ့ဆက်သွားပါ
30 အထိ
31 လမ်းဆုံ
32 ဘယ်ဘက်ကွေ့ပါ
33 ရှာမတွေ့ဘူး
34 လမ်းမှားသွားသည်
35 ဖြစ်ပုံရသည်
36 လမ်းပျောက်သည်
37 ထွေလုံး(အလေးထားမှု)
38 နဲ့တူတယ်
39 ညွှေလမ်းညွှန်
40 အရှေ့၊ တောင်၊ နောက်၊ မြောက်
41 တစ်လျှောက်
42 လမ်းဆုံ
43 ညာဘက်ကွေ့ပါ
44 ပြီးတော့
45 ထို့နောက်
46 တည့်တည့်သွားပါ
47 ရောက်ရှိသည်
48 စာမေးပွဲ မအောင်ဘူး

D မေးခွန်း

ဝေါဟာရ: 01 把 ကြိယာ(verb)ရှေ့တွင် ကံပုဒ်(object) ရွှေ့ပါ 02 လမ်းညွှန်

သင်ခန်းစာ (၂၇) : ဟော့ဟိုင်း (ကြာပန်းဈေး)

A/B စာသား

01 Lanlan : Xiaoming၊ Maike ငါတို့လမ်းလျှောက်လာတာ ကြာနေပြီ၊ငါ ပင်ပန်းနေပြီ၊ ခဏလောက်နားရအောင်။

02 Maike : ငါတို့လဲနည်းနည်းပင်ပန်းနေပြီ။

03 Maike : Lanlan ကြည့်လိုက်၊ ဒီကရှုခင်းတွေက အလွန့်အလွန်လှတာပဲ။

04 Lanlan : ဟုတ်တယ်၊သစ်ရွက်စိမ်းလေး၊ကြာပန်းလေးတွေ၊ရောင်ပြန်ဟပ်နေတာတွေက အရမ်းလှတာပဲ။ Maike နင်သိလား၊ ဒီဘားတွေက Beijing မှာဆို နာမည်ကြီးတယ်။ အရာရာတိုင်းကထူးခြားတယ်။

05 Xiaoming : ဟုတ်တယ်၊ ဒါပေမယ့် ဒီဘားကညနေဆည်းဆာအချိန်မှဖွင့်တာ၊ ညမှာဆို လမ်းတစ်လျှောက်လုံး မီးတွေနဲ့အရမ်းကိုလှတယ်။

06 Maike : Xiaoming, ဟိုဘက်က Beijing မြို့ဟောင်းရဲ့ လမ်းကြားနဲ့ ခြံဝင်းလား။

07 Xiaoming : ဟုတ်တယ်၊ အရင်တုန်းကဆို Beijing လူများစုက အဲလိုခြံဝင်းမှာနေကြတာ၊ အခုတော့ Beijing ကလူတွေက အထပ်တိုက်တွေနဲ့ပဲပြောင်းနေကြတော့တယ်။

08 Maike : ခြံဝင်းနဲ့နေတာ ပိုပြီးစိတ်ဝင်စားဖို့ကောင်းတယ်။

09 Xiaoming : ဟုတ်တယ် ငါ့အဖိုးလက်ထက်တုန်းကဆို အဲလိုနေတာ၊ ဒါမယ့် ငါတော့မ နေဖူးဘူး။

10 Lanlan : " Houhai" မှာနေရာဟောင်းတွေကို ထိန်းသိမ်းထားတယ်၊ဒါပေမယ့် နိုင်ငံခြားသား ခရီးသည်တွေ လာလည်လို့ရတယ်။

11 Xiaoming : သွားမယ်၊ Lanlan ငါတို့လျှောက်ကြည့်ကြစို့။

12 Maike : အရမ်းကောင်းတယ်။

13 Lanlan : အိုး . . ဒီအိမ်တွေက အရမ်းကိုကျယ်တယ်တိုက်ခန်းတွေနဲ့ ယှဥ်ရင် ငါကတော့ ခြံဝင်းအိမ်တွေကို ပိုကြိုက်တယ်။

14 Xiaoming : ဟုတ်တယ်၊ မင်းတို့ကြည့် မိသားစုတိုင်းမှာဆို အိမ်ဝင်းကျယ်ကြီးတွေပဲ၊ အရမ်းကောင်းတာပဲ၊ ဟုတ်သားပဲ Maike ငါတို့မင်းကို ဒီလမ်းကြားမှာ ဓာတ်ပုံရိုက်ပေးမယ်။

15 Maike : ကောင်းပြီ၊ ကျေးဇူးတင်ပါတယ်။

16 Xiaoming : တစ်၊နှစ်၊သုံး ပြီးပါ။

17 Maike : Xiaoming, Lanlan ငါတို့ အဖွဲ့ဓာတ်ပုံအတူတူရိုက်ရအောင်။

18 Xiaoming : ကောင်းပြီလေ။

19 Lanlan : မင်္ဂလာပါ၊ ကျွန်တော်တို့ကို ဓာတ်ပုံရိုက်ပေးလို့ရမလား။

20 Luren : ရပါတယ်၊တစ်၊နှစ်၊သုံး။

C ဝေါဟာရ

01 အချိန်အကြာကြီး
02 ပင်ပန်းသော
03 အနားယူသည်
04 ရှုခင်း
05 လှပသော
06 အလွန့်အလွန်
07 စိမ်းနေသောသစ်ရွက်
08 ကြာပန်း
09 ရောင်ပြန်ဟပ်မှု
10 လှသော
11 အရက်ဘား
12 Beijing (မြို့)
13 အရမ်း
14 နာမည်ကြီး
15 ဆိုင်တိုင်း၊ အိမ်တိုင်း
16 ထူးခြားသော
17 ညနေဆည်းဆာအချိန်
18 သာလျှင်
19 ဖွင့်သည်
20 တစ်လျှောက်လုံး
21 လမ်း
22 မီးရောင်တောက်ပသော
23 လမ်းကြား
24 ခြံဝင်း
25 ဒါအမှန်ပဲ
26 အရင်က
27 အခု
28 များသောအားဖြင့်
29 သို့ ရွှေ့ပြောင်းခဲ့သည်
30 အဆောက်အဦး
31 စိတ်ဝင်စားသည်
32 ဒါပေမဲ့
33 တုန်း
34 ထိန်းသိမ်းသည်
35 ခွင့်ပြုသည်
36 နိုင်ငံခြားသား
37 ခရီးသည်
38 လည်ပတ်သည်
39 အိမ်
40 နေရာကျယ်ဝန်းသော
41 နှိုင်းယှဉ် + ပို၍ +
42 တိုက်ခန်း
43 မိသားစုတိုင်း
44 အိမ်ဝင်း
45 အလွန်ကောင်းသော
46 စကားမစပ်
47 ကူညီသည်
48 လမ်းကြား
49 ဓာတ်ပုံရိုက်သည်
50 ပြီးသည်
51 အတူတူ
52 အဖွဲ့ဓာတ်ပုံရိုက်သည်
53 ဓာတ်ပုံရိုက်သည်

D မေးခွန်း

ဝေါဟာရ : 01 ဖော်ပြရန် 02 အရင်က

သင်ခန်းစာ (၂၈) : လှေလှော်ခြင်း

A/B စာသား

01 Maike : Lanlan ၊ Xiaoming မင်းတို့ကြည့်လိုက်၊ ဟိုမှာသူတို့ လှေလှော်နေကြတယ်။

02 Lanlan : ဝါး. . အရမ်းကောင်းတာပဲ၊ ငါတို့လည်း လှေလှော်ကြရအောင်၊ Xiaoming
လှေဘယ်မှာငှားရမလဲ။

03 Xiaoming : ငါ သူတို့ကို မေးလိုက်မယ်၊ မင်္ဂလာပါ လှေဘယ်မှာငှားရမလဲ။

04 လှေလှော်သူ : ဟိုနားလေးမှာ။

05 Xiaoming : ဝေးလား။

06 လှေလှော်သူ : မဝေးဘူး၊ နီးနီးလေးပဲ။

07 Maike : မြန်မြန်လာ. . မြန်မြန်လာ၊သွားစို့။

08 Xiaoming : တစ်စိတ်လောက်၊ လှေငှားချင်လို့ပါ။

09 လက်မှတ်ရောင်းသူ : မင်္ဂလာပါ၊ လက်နဲ့လှော်တဲ့လှေလား ဒါမှမဟုတ်ခြေနင်းလှေလား။

10 Xiaoming : ခဏလောက်စောင့်ပေးပါ၊မေးလိုက်အုံးမယ်၊ ငါတို့လက်နဲ့လှော်တဲ့လှေကို
ငှားမလားခြေနင်းလှေကိုငှားမလား။

11 Lanlan : ငါကတော့ ခြေနင်းလှေကပိုကောင်းတယ်ထင်တယ်၊ လက်နဲ့လှော်တဲ့
လှေက အရမ်းပင်ပန်းတယ်။

12 Maike : မှန်တယ်၊မှန်တယ်၊ငါလည်း လက်နဲ့လှော်တဲ့လှေကို သိပ်မလှော်တတ်ဘူး။

13 Xiaoming : ငါတို့ခြေနင်းလှေကို ငှားမယ်။

14 လက်မှတ်ရောင်းသူ : ကောင်းပြီ၊ တစ်နာရီကို ယွမ် ၄၀ ပါ။

15 Xiaoming : ကောင်းပြီ၊ စရန်ငွေဘယ်လောက်ပေးရမလဲ။

16 လက်မှတ်ရောင်းသူ : စရန်ငွေက ယွမ် ၂၀၀ ပါ(အာမခံကြေးကြိုသွင်းရသည် အပျက်အစီးမရှိပါက ပြန်
ပေးသည်)။

17 Xiaoming : ကောင်းပြီ၊ ဒီမှာပါ။

18 လက်မှတ်ရောင်းသူ : ဒီမှာမင်းရဲ့ စရန်ငွေဖြတ်ပိုင်းပါ၊ လှေငှားခက ဒီထဲကပဲနုတ်ယူမှာပါ။

19 Xiaoming : ကျေးဇူးတင်ပါတယ်၊ ကောင်းပြီ၊ငါတို့ သွားစို့။

20 Lanlan : Xiaoming ၊ Maike နင်တို့နှစ်ယောက်လှေလှော်၊ငါကဦးတည်ချက်ကို ထိန်း ပေးမယ်။

21 Lanlan : ကြည့် . . ငါတို့လှော်တာသူတို့ထက်မြန်တယ်၊ ကြိုးစား . . ကြိုးစား။

22 Lanlan : Maike နင်ငါ့ကိုဓာတ်ပုံရိုက်ပေး။

23 Maike : ကောင်းပြီ။

24 Xiaoming : နေအုံး၊နေအုံး . . Lanlan ငါတို့နှစ်ယောက်အတူတူဓာတ်ပုံရိုက်ကြစို့။

25 Maike : တစ်၊နှစ်၊သုံး . . ကောင်းပြီ။
26 Maike : ဒီသဘာဝရှုခင်းတွေက အရမ်းလှတယ်၊ Lanlan နင်ငါတို့အတွက် သီချင်းဆိုပေးပါလား။
27 Lanlan : ကောင်းပြီ၊ ဘာသီချင်းဆိုရမလဲ။
28 Xiaoming : "ငါတို့လှေကိုလှော်ကြစို့" သီချင်းဆိုပါ။
29 Lanlan : ငါတို့လှေလှော်ကြရအောင်၊ လှိုင်းတွေကို အဝေးသို့တွန်းထုတ်လိုက်ပါ၊
စိမ်းလန်းတဲ့ သစ်ပင်တွေနဲ့ အနီရောင် နံရံတွေ ဝန်းရံထားတဲ့ လှပတဲ့ အဖြူ
ရောင်စေတီက ပင်လယ်ပြင်ပေါ်မှာ ရောင်ပြန်ဟပ်နေပါတယ်။

C ဝေါဟာရ

01 လှေလှော်သည်
02 လှေငှားသည်
03 ဝေးသော
04 နီးသော
05 လက်မှတ်ရောင်းသူ
06 တဆိတ်လောက်
07 စကားလုံးတိုင်းတာ
(ရှည်လျား ပစ္စည်း)
08 လက်နှင့်လှော်သည့်လှေ
09 သို့မဟုတ်(၁)
10 ခြေနင်းလှေ
11 ခဏစောင့်ပါ
12 သင့်သည်(၂)
13 ပင်ပန်းသော
14 နာရီ
15 စရန်ငွေ၊ အာမခံငွေ
16 စရန်ငွေဖြတ်ပိုင်း
17 အခကြေးငွေ
18 နုတ်ယူသည်
19 ထိန်းပေးသည်
20 ဦးတည်ချက်
21 ကြိုးစားပါ
22 ကူညီသည်
23 ဓာတ်ပုံရိုက်သည်
24 နှစ်ခု/ယောက်လုံး
25 အဖွဲ့ဓာတ်ပုံရိုက်သည်
26 ရှုခင်း
27 လှပသော
28 သီဆိုသည်
29 စကားလုံးတိုင်းတာ
(သီချင်း / ကဗျာ)
30 သီချင်း
31 ခွင့်ပြုသည်
32 လှော်သည်
33 တစ်ရန်၊ တစ်စုံ
34 လိမ့်မည်
35 တွန်းထုတ်သည်
36 ရေလှိုင်း
37 ပင်လယ်ပြင်(ရေအိုင်)
38 ရောင်ပြန်ဟပ်သည်
39 …နေသည်
40 လှပသော
41 အဖြူရောင်စေတီ
42 ပတ်ပတ်လည်
43 ဝန်းရံသည်
44 စိမ်းလန်းသောသစ်ပင်
45 အနီရောင်နံရံ

D မေးခွန်း

ဝေါဟာရ ： 01 ပိုက်ဆံပေးသည်/မိတ်ဖွဲ့သည် 02 ပိုက်ဆံပြန်အမ်းသည်/ရှာသည်

သင်ခန်းစာ (၂၉) : အသင့်အစားအစာ စားသုံးခြင်း

A/B စာသား

01 Xiaoming : အိုင်းယား Lanlan ငါဗိုက်အရမ်းဆာနေပြီ၊ ငါတို့တစ်ခုခုသွားစားကြရအောင်။

02 Maike : ဟုတ်တယ်. . ဟုတ်တယ်၊ ငါလဲဆာနေပြီ။

03 Lanlan : ကောင်းပြီ . . ကောင်းပြီ၊နင်တို့ဘာစားချင်လဲ။

04 Xiaoming : အခုဘာဖြစ်ဖြစ်ရတယ်၊ အင်း. . ဘဲကင်၊သိုးသားတုတ်ထိုးကင်၊ ပဲငါးပိနဲ့ချက်ထားတဲ့ ငါးဟင်း။

05 Lanlan : အိပ်မက်မက်နေလေ၊ Maike နင်ရောဘာစားမလဲ။

06 Maike : ဘာစားစားအဆင်ပြေတယ်၊ Lanlan နင်ရောဘာစားချင်လဲ။

07 Lanlan : ခဏနေရင် ငါစန္ဒာရား သင်တန်းရှိသေးတယ်၊ ရိုးရိုးလေးပဲ စားကြရအောင်။

08 Maike : အိုကေ၊ကြည့် ဟိုမှာ ဘာဂါဆိုင်၊ ငါတို့သွားရင်းနဲ့စားမယ် ဘယ်လိုလဲ။

09 Lanlan : ကောင်းတယ်။

10 Xiaoming : လာပြန်ပြီ ဘာကာ ပဲ။

11 Maike : မင်္ဂလာပါ၊ ကြက်ခြေထောက် ဘာဂါ (၃)ခု ကိုလာ(၃)ဘူး။

12 ဆိုင်ဝန်ထမ်း : အားလုံး ၄၈ ယွမ်ကျပါတယ်၊ ခဏလောက်စောင့်ပေးပါ။

13 ဆိုင်ဝန်ထမ်း : ဒါက မှာထားတဲ့ ဘာဂါ နဲ့ ကိုလာပါ။

14 Xiaoming : လက်သုတ်ပဝါ ပေးလို့ရမလား။

15 ဆိုင်ဝန်ထမ်း : ရပါတယ်။

16 Maike : ကျေးဇူးပြု၍ ခရမ်းချဉ်သီးဆော့ရမလား။

17 ဆိုင်ဝန်ထမ်း : ရပါတယ်၊ ခဏလောက်စောင့်ပေးပါ။

18 Lanlan : ငါတော့ဗိုက်ပြည့်နေပြီ၊ နင်တို့နှစ်ယောက်ရော။

19 Xiaoming : ဗိုက်တော်တော်ပြည့်သွားပြီ၊အရသာက မဆိုးဘူးပဲ။

20 Maike : ငါလဲဗိုက်ပြည့်ပြီ။

21 Xiaoming : ဒါနဲ့ Lanlan ဟိုဘက်နားမှာ ကော်ဖီဆိုင်ရှိတယ်၊ သွားသောက်ချင်လား။

22 Lanlan : ငါ . .

23 Maike : Xiaoming၊ Lanlan က စန္ဒရားသင်တန်းရှိသေးတယ်၊ငါတို့ . .

24 Maike : ကောင်းပြီ၊ ကောင်းပြီ၊ ငါနဲ့လိုက်ခဲ့၊ ငါတို့အိမ်ပြန်ကြမယ်။

C ဝေါဟာရ

01 + တော့မည်
02 မိုက်အရမ်းဆာနေပြီ
03 ဘာဖြစ်ဖြစ်
04 ဘဲကင်
05 သိုးသားတုတ်ထိုးကင်
06 ပဲငါးပိနှင့်ချက်ထားသောငါး
07 အိပ်မက်မက်သည်
08 စန္ဒယားသင်တန်း
09 ရိုးရှင်းသော
10 ဟမ်ဘာဂါ
11 …ရင်းနဲ့…

12 ကြက်ခြေထောက်ဘာဂါ
13 စကားလုံးတိုင်းတာ(ခွက်)
14 ကိုလာ
15 စုစုပေါင်း
16 ခဏစောင့်ပါ
17 ယူသည် (ယဉ်ကျေးသော)
18 အနည်းငယ်
19 စကားလုံးတိုင်းတာ
(ပြားချပ်သောစွည်း)
20 လက်သုတ်ပဝါ

21 ခရမ်းချဉ်သီး
22 ဆော့ (အချဉ်ရည်)
23 မိုက်ပြည့်ပြီ
24 နှစ်ခုစလုံး
25 အရသာ၊ အနံ့
26 မဆိုးဘူး
27 ဒါနဲ့
28 ကော်ဖီဆိုင်
29 ငါနဲ့လိုက်ခဲ့

သင်ခန်းစာ(၃၀) : နဂါးလှေလှော်ပွဲတော်

A/B စာသား

01 Maike : ဟယ်လို .. Lanlan လား။

02 Lanlan : ဟုတ်တယ်၊ Maike လား။

03 Maike : ငါဟုတ်တယ်၊ Lanlan နင်ဖတ်နေတဲ့ " တိဗက်ကာဒ် " ဆိုတဲ့စာအုပ်ပြီးပြီလား၊ ငါကိုငှားလို့ရမလား။

04 Lanlan : " တိဗက်ကာဒ် " စာအုပ် အခုလေးပဲဖတ်ပြီးတာ၊ ဘယ်အချိန်လာယူမလဲ။

05 Maike : ငါအခုလာယူလို့ရမလား

06 Lanlan : ရတယ်၊ ခဏနေရင်တွေ့မယ်။

07 Lanlan : ဝင်ခဲ့လေ။

08 Maike : အန်တီနဲ့ Lanlan ဘာလုပ်နေကြတာလဲ။

09 Lanlan : ငါ့တို့ ကောက်ညှင်းထုပ် ထုပ်နေတာ။

10 Maike : ကောက်ညှင်းထုပ်၊ Lanlan နင့်ဆီကပြောတာတစ်ခါမှမကြားဖူးပါဘူး၊ တကယ်က ဘယ်လိုမျိုးလဲ။

11 Lanlan : ကောက်ညှင်းထုပ် ဆိုတာ အရမ်းထူးခြားတဲ့ တရုတ်ရိုးရာအစားအစာကောင်းတစ်မျိုး။

12 Lanlan အမေ : ဟုတ်တယ်၊ တရုတ်ပြည်မှာဆိုရင် နဂါးလှေလှော်ပြိုင်ပွဲ ကျင်းပတဲ့ အချိန်မှာ ကောက်ညှင်းထုပ်ကို လူတိုင်းစားကြတယ်။

13 Maike : အိုး နဂါးလှေလှော်ပွဲ ငါသိတယ်၊ဆရာပြောတာကြားဖူးတယ်၊တရုတ်လူမျိုးတွေက နဂါးလှေလှော်ပွဲတော် ကို Qu.. (ဘာ…) အဲ့ဒီလူအတွက် အမှတ်တရအထိမ်းအမှတ်အဖြစ်ကျင်းပ ကြတယ်မလား။

14 Lanlan : ဟုတ်တယ်၊အဲဒါ Quyuan။ နဂါးလှေလှော်ပွဲတော်ရက်တွေမှာဆို ငါတို့ကဒီ ရိုးရာမုန့်ကိုစားရတယ်။တချို့နေရာတွေမှာဆိုလှေလှော်ပြိုင်ပွဲတွေ ကျင်းပတယ်။

15 Maike : အရမ်းစိတ်ဝင်စားဖို့ကောင်းတာပဲ၊ Lanlan ကောက်ညှင်းထုပ် ကဘာတွေနဲ့လုပ်ရတာလဲ။

16 Lanlan : ကောက်ညှင်းဆန်ကို သုံးတယ်၊ ကောက်ညှင်းဆန်ကို ဖက်ရွက်နဲ့ ထုပ်ပြီးတော့ အထဲမှာပဲနီလေးတွေ၊ ဇီးသီးခြောက်လေးတွေ ထည့်တယ်။ ပြီးရင်ဆူတဲ့ရေ ထဲထည့်ပြုတ်၊ အနံ့က အရမ်းမွှေးတယ်။

17 Lanlan အမေ : Maike လုပ်ထားတာ နည်းနည်းရှိတယ် စားကြည့်ပါလား။

18 Lanlan အမေ : စားကောင်းလား။

19 Maike : စားလို့အရမ်းကောင်းတယ်။

20 Lanlan အမေ : ဖြည်းဖြည်းစား၊ အိမ်အတွက်ထည့်ပေးလိုက်မယ်၊ Xiaoming နဲ့ တခြား

လူတွေစားရအောင်လို့။

21 Maike : သိပ်ကောင်းတာပေါ့။ ကျေးဇူးတင်ပါတယ်အန်တီ၊ Lanlan ငါ ပြန်တော့မယ်၊ ဘိုင် အန်တီ၊ နောက်မှတွေ့ မယ်။

22 Lanlan အမေ : နောက်မှတွေ့မယ်။

23 Lanlan : Maike, Maike . . ပြန်လာခဲ့၊နင့်စာအုပ်။

C ဝေါဟာရ

01 တိဗက်ကုဒ် (စာအုပ်)
02 ငှားသည်
03 မကြာသေးမီ
04 ဖတ်ပြီးသည်
05 ဘယ်အချိန်
06 ယူဆောင်သည်
07 ခဏနေရင်တွေ့မယ်
08 ဝင်လာပါ
09 ထုပ်သည်
10 ကောက်ညှင်းထုပ်
11 ဘယ်သောအခါမှ + ဖူးတယ်
12 တကယ်က
13 တစ်မျိုး
14 အလွန့်အလွန်
15 ထူးခြားသော
16 ရိုးရာ
17 ကောင်းသော အစားအစာ
18 သာလျှင်
19 နဂါးလှေလှော်ပွဲတော်
20 ပြောသည်
21 အထိမ်းအမှတ်
22 Quyuan (အမည်)
23 နေရာ
24 ပြီးတော့
25 နဂါးလှေလှော်ပြိုင်ပွဲ
26 ပြိုင်ပွဲ
27 အသုံးပြုသည်
28 ကောက်ညှင်း
29 ဖက်ရွက်
30 ba (SOV)*
31 ထုပ်လိုက်တယ်
32 အထဲ
33 တစ်ဖန်
34 ထားသည်
35 အနည်းငယ်
36 ဇီးသီးခြောက်
37 ပဲနီ
38 တွေ့…တွေ့
39 တူသည်
40 ဒီလိုမျိုး
41 ပြီးတော့
42 သူတို့
43 ထည့်သည်
44 ပွက်ပွက်ဆူနေသော ရေ
45 အထဲမှာ
46 ချက်သည်၊ ပြုတ်သည်
47 အနံ့၊ အရသာ
48 အလေးပေးမှု
49 မွှေးသော

D မေးခွန်း

ဝေါဟာရ : 01a အတိအကျ b မူလ 02 ပါဝင်ပစ္စည်းများ 03 ဆက်စပ်မှု

သင်ခန်းစာ (၃၀) : အမေရိကန်ဘောလုံး ကစားနည်းသင်ခြင်း

A/B စာသား

01 Xiaoming : အိုင်း ငါအရမ်းအိပ်ငိုက်နေပြီ ၊ Maike မင်းမအိပ်သေးပဲ ဘာဖတ်နေတာလဲ။

02 Xiaoming : Maike . . .Maike

03 Maike : Xiaoming ဘာဖြစ်တာလဲ။

04 Xiaoming : ငါမင်းကိုမေးနေတာ ဘာဖတ်နေတာလဲလို့ မင်းနာမည်ခေါ်နေတာကြားပေါ့ မင်းမှမကြားတာ။

05 Maike : အရမ်းနာမည်ကြီးတဲ့ အမေရိကန်ဘောလုံးသမားအကြောင်းဖတ်နေတာ။

06 Xiaoming : နာမည်ကြီးအမေရိကန်ဘောလုံး ၊ ငါကြည့်ပါရစေ၊ Maike မင်းတို့ကျောင်းမှာ အမေရိကန် ဘောလုံးမကြာခဏကစားလား။

07 Maike : ကစားတာပေါ့ ငါတို့ကျောင်းမှာတောင်မှ ငါကအမေရိကန်ဘောလုံးအသင်းရဲ့ခေါင်းဆောင်လေ။

08 Xiaoming : ဒါဆိုမင်းက အရမ်းတော်တဲ့ကစားသမားတစ်ယောက်ပဲ၊ Maike ငါ့ကို သင်ပေး၊ သင်ပေး ပါလား။

09 Maike : Xiaoming . .မင်းငါနဲ့ တကယ်မေရိကန်ဘောလုံးကစားနည်းသင်ချင်တာလား။

10 Xiaoming : ဟုတ်တယ်၊ ငါရဲ့အိပ်မက်က အမေရိကန်ဘောလုံး ကစားဖို့ပဲ၊ နာမည်ကြီးအမေရိကန် ဘောလုံးကစား သမားတွေက တကယ်မိုက်တယ်လို့ထင်တယ်။

11 Maike : အင်း၊ ကိစ္စမရှိပါဘူး။

12 Xiaoming : Maike ငါမင်းကိုဆရာတင်မယ်။

13 Xiaoming : ကောင်းပြီ၊ ကောင်းပြီ၊ မင်းကို ငါတပည့်အဖြစ်လက်ခံလိုက်မယ်။

14 Xiaoming : Maike ကြည့် ဒီလိုလုပ်တာမှန်လား ၊ ကြည့်ကောင်းတယ်မလား။

15 Maike : မဟုတ်ဘူး၊မဟုတ်ဘူး၊ ခန္ဓာကိုယ်ကို အရှေ့လှည့်လိုက်၊ ဘောလုံးကမင်းရဲ့ညာဘက်ထားရမယ်၊ ဒီလိုမျိုး။

16 Xiaoming : အိုး ငါသိပြီ၊ ငါသိပြီ။ ဒီလိုဟုတ်တယ်မလား။

17 Maike : ပိုကောင်းသွားပြီ၊ Xiaoming မင်းကောင်းကောင်းကစားတတ်ချင်ရင် နေ့တိုင်းလေ့ကျင့်ရမယ်။

18 Xiaoming : နင်စိတ်ချပါ၊ ငါလုံးဝကြိုးကြိုးစားစားလေ့ကျင့်မယ်။ ငါ…

19 Xiaoming အမေ : Xiaoming၊ Maike မင်းတို့ဘာလုပ်နေကြတာလဲ၊ ဘယ်နှစ်နာရီတောင် ရှိနေပြီလဲ၊ ဘာလို့မအိပ်ကြသေးတာလဲ။

20 Xiaoming : အမေ ကျွန်တော်တို့ အိပ်နေပြီ။

C ဝေါဟာရ

01 အရမ်းအိပ်ငိုက်သည်
02 မအိပ်သေးဘူး
03 အချိန်ကြာစွာ
04 အလေးပေးမှု
05 မကြားရဘူး
06 အမေရိကန်ဘောလုံး
07 အမေရိကန်
08 နာမည်ကြီး
09 မကြာခဏ
10 ဒါပေါ့
11 တောင်မှ
12 ကျောင်း
13 အဖွဲ့
14 အဖွဲ့ခေါင်းဆောင်
15 အဲလောက်တောင်
16 သေချာသည်
17 အရမ်း
18 အိပ်မက်မက်သည်
19 ထင်သည်
20 တကယ်
21 အရမ်း
22 မိုက်သော
23 မင်းကိုဆရာတင်သည်
24 တပည့်အဖြစ်လက်ခံသည်
25 လုပ်ဆောင်ချက်
26 ခန္ဓာကိုယ်
27 ရှေ့သို့
28 ညာဘက်
29 သလိုမျိုး
30 ဒီလိုမျိုး
31 ချင်ရင်+ရမယ်
32 နေ့တိုင်း
33 လေ့ကျင့်သည်
34 စိတ်ချပါ
35 ပြီးပြီးသား

D မေးခွန်း

ဝေါဟာရ ： 01 မင်္ဂလာ 02 အကြောင်း 03 အကြောင်းအရာ 04 သင့်သည်

သင်ခန်းစာ (၃၂) : ဝါသနာ

A/B စာသား

01 Maike : နင်ခန္ဓာကိုယ်လှည့်သင့်တယ်၊ဟုတ်တယ် နည်းနည်းလှည့်အုံး။

02 Xiaoming : ဒီလိုလား။

03 Lanlan : ဟယ်လို . . နင်တို့အမေရိကန်ဘောလုံးကစားနေတာလား။

04 Xiaoming : ဟုတ်တယ်၊ တကယ်တော့ Maike ကငါ့ကို သင်ပေးနေတာ၊နင်ရောသင် ချင်လား။

05 Lanlan : ငါမသင်ချင်ပါဘူး၊ တိုက်မိတာနဲ့ အရမ်းကို ကြမ်းတမ်းတယ်။

06 Maike : စကားမစပ်၊ Lanlan နင်ရဲ့ဝါသနာက ဘာလဲ။

07 Lanlan : ငါ့ဝါသနာက အများကြီးရှိတယ်။

08 Xiaoming : ဟုတ်လား၊ပြောကြည့်ပါအုံး။

09 Lanlan : သီချင်းဆိုတာ၊ ကတာကြိုက်တယ်၊အကြိုက်ဆုံးကတော့ စန္ဒရားတီးတာပဲ။

10 Xiaoming : သီချင်းဆိုတာ၊ကတာ၊ စန္ဒရားတီးတာတွေ ဝါသနာလို့ပြောလို့ရတယ်ပေါ့၊ ပျင်းစရာကြီး။

11 Lanlan : ဘာပျင်းစရာကောင်းတာလဲ၊ ငါကတော့ အမေရိကန်ဘောလုံးထက် ပိုကောင်း တယ်ထင် တယ်။

12 Xiaoming : ဟုတ်ပါပြီ၊ Lanlan စိတ်မဆိုးနဲ့ စိတ်မဆိုးနဲ့တော့။

13 Lanlan : ငါနင့်ကို လျစ်လျူရှုလိုက်ပြီ၊ ကျွဲပါးစောင်းတီးတဲ့အတိုင်းပဲ။ Maike အ မေရိကန်ဘောလုံးကို မိန်းကလေးတွေကစားလို့ရလား။

14 Maike : အမေရိကန်နိုင်ငံမှာ အမေရိကန်ဘောလုံးကစားရတာကြိုက်တဲ့ မိန်းကလေး တွေအများကြီးရှိတယ်၊ ပြီးတော့ တရုတ်နိုင်ငံမှာလည်းပဲ အမေရိကန်ဘောလုံး ကစားတဲ့မိန်းကလေးအသင်းရှိတယ်။

15 Lanlan : ဟုတ်တယ်၊ အရင်က ငါထင်တာ အမေရိကန်ဘောလုံးဆိုတာ ယောကျ်ား လေးတွေအတွက်ပဲလို့။

16 Maike : အဲလိုမဟုတ်ဘူး၊တကယ်လို့နင်သင်ချင်ရင်နင့်ကိုလည်း သင်ပေးမယ်။

17 Lanlan : အရမ်းကောင်းတာပဲ၊ Xiaoming နဲ့ငါက နင့်ကိုဆရာလို့ခေါ်ရတော့မယ်။

18 Lanlan : ဒါနဲ့ Maike ဗြိတိသျှရပ်ဘီနဲ့အမေရိကန် ဘောလုံးတူလား။

19 Xiaoming : နင်မေးတာကောင်းတယ်၊ဗြိတိသျှရပ်ဘီနဲ့အမေရိကန် ဘောလုံးကမတူဘူး၊ အမေရိကန် ဘောလုံးက ပိုသေးတယ်၊ ပါးတယ်၊ ထိပ်နှစ်ဖက်က ချွန်တယ်။

20 Maike : နင်ပြောတာမှန်တယ်၊ ဗြိတိသျှရပ်ဘီနဲ့အမေရိကန် ဘောလုံးရဲ့ စည်းမျဥ်းတွေ လည်းမတူကြဘူး။

21 Lanlan : ဝိုး . . အဲလောက်တောင်လေ့လာစရာတွေအများကြီးပဲ၊ နင်တို့ငါ့ကိုနောက်မှ

ဖြည်းဖြည်းချင်းပြောပြ၊ Xiaoming၊ Maike နင်တို့ တစ်ပွဲလောက် ပြိုင်ကြည့်ပါလား၊ ငါလည်း အမြင်လေးဘာလေးပွင့်ချင်လို့။

22 Xiaoming : ငါက သူနဲ့ဘယ်လိုလုပ်ပြိုင်ဘက်ဖြစ်မှာလဲ။

23 Lanlan : မကြောက်ပါနဲ့၊ကြိုးစားထား ။

C ဝေါဟာရ

01 သင့်သည်
02 ခန္ဓာကိုယ်လှည့်သည်
03 ဒီလိုမျိုး
04 ဟယ်လို
05 တီကျသော
06 ကမ္ဘာ
07 သင်ပေးသည်
08 အခုပဲ
09 တိုက်မိသည်
10 ကြမ်းတမ်းသော
11 ဟုတ်ပြီ
12 ဝါသနာ
13 အများကြီး
14 ပြောကြည့်ပါ
15 သီချင်းဆိုသည်
16 ကသည်
17 စန္ဒယားတီးသည်
18 အဖြစ်မှတ်ယူသည်
19 ငြိမ်းငွေ့စရာ ကောင်းသော
20 ပိုကောင်းသော (သန်မာသော)
21 အများကြီး
22 စိတ်ဆိုးသော
23 အလေးပေးမှု
24 လျစ်လျူရှုသည်
25 ကျွဲပါးစောင်းတီး
26 အမေရိကန်
27 နောက်ထပ်
28 ကိုယ်တိုင်
29 အဖွဲ့
30 မူလက
31 အထင်လွဲသည်
32 စကားလုံးတိုင်းတာ (ဂိမ်း)
33 ယောက်ျားလေး
34 နေရာတိုင်း
35 လျှင်
36 ဆန္ဒရှိသည်
37 ဆရာတင်သည်
38 ဗြိတိသျှ
39 အမေရိကန်
40 နှင့်တူသော
41 ပို၍
42 သေးသော
43 ပါးသော၊ သေးသော
44 ထိပ်ဖျား(ဦးခေါင်း)
45 ချွန်သော
46 စည်းကမ်း
47 လေ့လာသည်
48 နောက်မှ
49 ဖြည်းဖြည်း
50 ပြောပြသည်
51 ပြိုင်ပွဲ
52 ခွင့်ပြုသည်
53 အမြင်၊ သဘောထား
54 ကြောက်သော
55 ပြိုင်ဘက်
56 ကြိုးစားပါ
57 ကြိုးစားကြည့်

D မေးခွန်း

ဝေါဟာရ : 01 လျစ်လျူရှုသည် 02 ကွာခြားချက်

သင်ခန်းစာ(၃၃) : ကွန်ပျူတာဂိမ်းဆော့ခြင်း

A/B စာသား

01 Xiaoming : ဘယ်ဘက် . . ဘယ်ဘက် ကြိုးစားထား၊ အိုင်းယား . . ညာဘက် . . သွားပြီ တိုက်မိသွားပြီ။

02 Maike : အိုင်း . . သေပြန်ပြီ။

03 Xiaoming : ငါလာမယ် ငါကိုကြည့်၊ သုံး…နှစ်…တစ်

04 Lanlan : Xiaoming ၊ Maike နင်တို့ဘာလုပ်နေတာလဲ။

05 Maike : Lanlan မြန်မြန်လာ ငါတို့ပြိုင်နေတာ။

06 Xiaoming : မြန်မြန်. . မြန်မြန် အဆင့်သုံးအဆင့်သုံး ၊ ဟာ. . အဆင့်နှစ်ထက်နည်းနည်း ဆိုးသွားတယ်။

07 Lanlan : နင်တို့နှစ်ယောက် ကားပြိုင်ဂိမ်းဆော့တာလား၊ အဲဂိမ်းမှာဆို ငါကအရမ်းတော်တာ။

08 Xiaoming : ယိုး . .Lanlan၊ နင့်ဒီဂိမ်းဆော့တယ်လို့ငါမထင်ထားဘူး။

09 Lanlan : နင်မယုံရင် ပြိုင်ဆော့မလား။

10 Xiaoming : ငါယုံပါတယ်၊ စာတော်တဲ့ကျောင်းသူတွေက ဘယ်တော့မှ ဂိမ်းမဆော့ဘူး ထင်လို့ပါ။

11 Lanlan : Xiaoming လူတွေကို အထင်မသေးနဲ့နင်အခုဆော့နေတာက အဆင့်ရှစ်ပဲ၊ ဒီ အဆင့်ကျော်မှ အဆင့်တက်နိုင်မှာ။

12 Xiaoming : ဟုတ်တယ်၊ ငါနဲ့ Maike ဒီအဆင့်ကိုမကျော်နိုင်ဖြစ်နေတာ။

13 Xiaoming : ဒါဆို ငါကြိုးစားကြည့်မယ်။

14 Maike : Lanlan တကယ်လို့ နင်အဆင့်ရှစ်ကိုကျော်နိုင်ရင် ငါနဲ့ Xiaoming နင့်ကို ပီဇာလိုက်ကျွေးမယ်။

15 Lanlan : တကယ်လား။

16 Xiaoming : တကယ်၊ကတိပေးတယ်။

17 Maike : ဘယ်ဘက်ကွေ့ အရှိန်လျှော့၊ လှည့်လှည့်၊ ကြိုးစားထား၊ အိုး . . အဆင့်ကျော်သွားပြီ၊ ကျော်သွားပြီ၊ တကယ်ကျော်သွားပြီ။

18 Lanlan : ငါကစားတာကို နင့်တို့ဘယ်လိုထင်လဲ။

19 Xiaoming : စကားလုံးတစ်လုံးပဲ “ မိုက်တယ်”။

20 Maike : Lanlan ငါတို့ မင်းကို အရမ်းလေးစားသွားပြီ။

21 Lanlan : Maike ၊ Xiaoming နင်တို့ကိုပြောပြမယ်၊ ငါဒီအဆင့်ကို အစပိုင်းကတည်းက ကျော်တာကြာပြီ။

22 Xiaoming : ဒါကြောင့်ကိုး အကုန်အောင်သွားပြီကို။

23 Lanlan : ဒါနဲ့ အမေ့ကိုပြောလိုက်တော့မယ် ညစာအိမ်ပြန်မစားတော့ဘူးလို့။

24 Lanlan : နင့်တို့ငါ့ကို ပီဇာလိုက်ကျွေးမယ်မဟုတ်ဘူးလား။

25 Maike : ဟင် . . တကယ်ကြီးလား။

C ဝေါဟာရ

01 ဘယ်ဘက်ဦးတည်ချက်
02 ကြိုးစားပါ
03 ညာဘက်ဦးတည်ချက်
04 အိုင်းယား
05 တိုက်မိသည်
06 တစ်ဖန်
07 သေသည်
08 ပြိုင်ပွဲ
09 ထက်(နှိုင်းယှဉ်)
10 ဒုတိယနေရာ
11 ဆိုးသော
12 ကားပြိုင်ပွဲ
13 မထင်ထားဘူး
14 ဘယ်လိုလဲ
15 ယုံကြည်သည်
16 ပြိုင်ဆော့သည်
17 ထင်သည်
18 ကျောင်းသား/သူ
19 ဘယ်တော့မှ
20 လူကို အထင်သေးသည်
21 အဆင့်နံပါတ်ရှစ်
(ဂိမ်းအတွက်)
22 သာလျှင် + ပြီး
နောက်....နိုင်သည်
23 ကျော်ဖြတ်သည်
24 တိုးမြှင့်သည်
25 လျှင်
26 ကျွေးသည်
27 ပီဇာ
28 ကတိပေးတယ်
29 ဘယ်ဘက်
30 အရှိန်လျှော့သည်
31 လှည့်သည်
32 ကြည့်သည်
33 ဘယ်လိုလဲ
34 မိုက်တယ်
35 လေးစားသည်
36 ပြောပြသည်
37 အစကတည်းက
38 အဆင့်ကျော်သည်
39 အဲဒါကြောင့်၊ ပြောသားပဲ

သင်ခန်းစာ (၃၄) : အီးမေးလ်ပို့ခြင်း

A/B စာသား

01 Xiaoming : ကျွန်တော်ပြန်လာပြီအဖေ၊ အမေရော။

02 အဖေ : ဒီနေ့လဲမင်းအမေ အချိန်ပိုဆင်းရပြန်ပြီ၊ ထမင်းပြန်လာ မစားဘူးတဲ့။

03 အဖေ : အိုး . . Xiaoming လက်မြန်မြန်သွားဆေး အသီးစားရအောင်။

04 Xiaoming : အဖေဘာလုပ်နေတာလဲ။

05 အဖေ : ဟိုင်း လွန်ခဲ့တဲ့နှစ်ရက်က ကျောင်းတုန်းက အတန်းဖော်ဟောင်းတစ်ယောက်နဲ့တွေ့ခဲ့တယ်၊ သူနဲ့မ တွေ့ဖြစ် တာ ဆယ်နှစ်လောက် ရှိပြီ၊သူကအခု ကနေဒါမှာ အလုပ်လုပ် နေတာ၊သူကဦးလေး Wang လေအရင်က ပြောပြဖူးတယ်။

06 Xiaoming : ဦးလေး Wang၊ ကျွန်တော်မမှတ်မိဘူး။

07 အဖေ : ဟဟ . . အဲတုန်းကမင်းက အရမ်းငယ်သေးတယ်လေ၊ အခုသူက ကနေဒါကပြန်သွားပြီ၊ ပြီး တော့ သူက အဖေတို့ရဲ့မိသားစုဓာတ်ပုံကိုကြည့်ချင်လို့တဲ့၊ အဲဒါကြောင့်ဓာတ်ပုံအချို့ကို ကနေဒါ ပို့ပေးမလို့။

08 Xiaoming : ဒါက အရမ်းနေးပါတယ်၊အဖေ အခုကစာရေးတာခေတ်နောက်ကျသွားပြီ၊အီးမေးလ် နဲ့ပဲ စာပို့နေကြတာလေ။

09 အဖေ : ငါ့ရဲ့ဦးနှောက်ကို ကြည့်ပါအုံး၊ ဘာလို့မေ့နေတာပါလိမ့်၊ဒါပေမဲ့ အီးမေးလ်နဲ့ပုံကောင်းကောင်း မပို့တတ်ဘူး။ မင်းငါ့ကို ကူညီမလား။

10 Xiaoming : ရတယ်၊ကိစ္စမရှိဘူး။ အရင် လျှို့ဝှက်နံပါတ်ရိုက်ထည့်၊ပြီးရင် လော့ဂ်အင်ကို နှိပ်လိုက်။

11 အဖေ : အိုကေ၊ အရင်ငါ့ဘာသာကြိုးစားကြည့်မယ်၊ ငါမလုပ်တတ်ရင် မင်းငါ့ကိုပြောပြ။

12 အဖေ : လက်ခံမယ့်သူကို အရင်ရေး၊ ပြီးရင်အကြောင်းအရာကို ကော်ပီကူးပြီးရင်ပေ့ လုပ်လိုက်၊ Xiaoming ဘာလို့မရတာလဲ။

13 Xiaoming : ဟဟ . . အဲလိုမဟုတ်သေးဘူး၊ အရင်ဆုံး ပူးတွဲကို နှိပ်၊ ပြီးရင် " တင်သည်"ကို နှိပ်ရမယ်။

14 အဖေ : အိုး . . ငါတော်တော်ခေတ်နောက်ကျနေတာပဲ။

15 Xiaoming : ကိစ္စမရှိပါဘူး၊ ပထမဆုံးပုံပို့တာမလို့ပါ၊ လူတိုင်းအမှားနဲ့ မရှောင်လွှဲနိုင်ပါဘူး။

16 အဖေ : ပျော်စရာကောင်းတဲ့မိသားစုပုံရယ်၊ ပြီးတော့ မင်းပုံအချို့ရယ်ပို့ပေးကြမယ်လေ။

17 Xiaoming : ဟုတ်ကဲ့ အဖေ့ကို ကူပေးမယ်၊ ဒီပုံ ဒီပုံ အိုကေ အခု ဦးလေး Wang လက်ခံရရှိ နေလောက်ပြီ။

18 အဖေ : အရမ်းမြန်တာပဲ၊ အီးမေးလ်ပို့တာက ပိုပြီးအဆင်ပြေတယ်၊ အခုကစပြီးမင်းဆီ ကပဲသင်တော့ မယ်။

19 Xiaoming : ရတယ်လေ၊ ဒါနဲ့ အခုအဖေ့ လျှို့ဝှက်နံပါတ်ကို ကွန်ပျူတာမှာ သိမ်းထား လို့ရတယ်၊ နောက် တစ်ခါလော့ဂ်အင် တိုက်ရိုက်ဝင်ရင် ရပြီ။

20 အဖေ : ဟုတ်ပြီ . . လျှို့ဝှက်နံပါတ်သိမ်းမယ်၊ Xiaoming . . .ဒီမှာကြည့်ဒီလိုလား။
21 Xiaoming : ကြည့်အုံးမယ်၊ အင်း . . အဲ့လိုပဲ။ ပြဿနာမရှိတော့ဘူး။
* ဗီဒီယိုထဲမှာ Shanghai လို့များပြီး ပြောသည်

C ဝေါဟာရ

01 တစ်ဖန်၊ လည်းပဲ
02 အလုပ်အချိန်ပိုလုပ်သည်
03 လက်ဆေးသည်
04 သစ်သီး
05 ပြီးခဲ့တဲ့ နှစ်ရက်က
06 မထင်မှတ်ပဲတွေ့ဆုံသည်
07 များစွာ
08 နှစ်
09 မတွေ့ဘူး
10 အတန်းဖော်ဟောင်း
11 ကနေဒါ
12 အဲဒါ
13 အရင်က
14 ဖော်ပြသည်
15 ဦးလေး
16 အဲဒီအချိန်တုန်းက
17 တုန်းပဲ
18 ပြီးပြီးသား
19 အထူး
20 လိုချင်သည်
21 တစ်မိသားစုလုံး
22 ဓာတ်ပုံ
23 ဒါကြောင့်
24 bǎ (SOV)
25 ပို့သည်
26 သို့…သွားသည်
27 ဘယ်လောက်နေးလဲ
28 ခေတ်နောက်ကျသည်
29 စာရေးသည်
30 နေကျ
31 ပို့သည်
32 အီးမေးလ်
33 ဦးနှောက်
34 ကိစ္စ
35 မေ့သည်
36 ကူညီသည်
37 အရင်ဆုံး + ပြီးတော့ +
38 ဖြည့်သွင်းသည်
39 စကားဝှက်
40 နှိပ်သည်
41 ဝင်သည့်ခလုတ်
42 ရေးသည်
43 လက်ခံရရှိသူ
44 အီးမေးလ်
45 ဓာတ်ကာ
46 ကူးယူသည်
47 paste လုပ်သည်
48 မရဘူး
49 ပူးတွဲသည်
50 တင်သည်
51 စာတွဲ
52 ကိစ္စမရှိဘူး
53 ပထမဆုံးအကြိမ်
54 မရှောင်လွှဲနိုင်ဘူး
55 ကျူးလွန် + အမှား
56 ပျော်ရွှင်တဲ့မိသားစုပုံ
57 အနည်းငယ်
58 တိုင်းတာစကားလုံး
(ပြားချပ်ပစ္စည်း)
59 လက်ခံရရှိသည်
60 အလေးပေးမှု
61 အဆင်ပြေသော
62 ပြီးနောက်
63 ဦးတည်ချက်
64 သိမ်းထားသည်
65 နောက်တစ်ခေါက်
66 တိုက်ရိုက်
67 လော့အင်ဝင်သည်
(လော့အင်)

D မေးခွန်း

ဝေါဟာရ : 01 မှတ်မိသည် 02 အီးမေးလ် 03 ဘယ်လိုမျိုးလဲ

သင်ခန်းစာ(၃၅) - သီချင်းနားထောင်ခြင်း

A/B စာသား

01 Lanlan : အိုး ဒါနဲ့ အရမ်းနားထောင်လို့ ကောင်းတဲ့သီချင်းတစ်ပုဒ်ရှိတယ်၊ Nobody လို့ ခေါ်တယ်၊ နင် နားထောင်ဖူးလား။

02 Xiaoming : Nobody နားမထောင်ဖူးဘူး၊ ဘယ်သူဆိုတာလဲ။

03 Lanlan : နင်နားထောင်ဖူးမှာ သေချာတယ်၊ ငါသီချင်းဖွင့်လိုက်ရင်နင် သိလိမ့်မယ်။

04 Xiaoming : အိုး ဒီသီချင်းလား၊ နားထောင်ဖူးတယ်၊ နားထောင်ဖူးတယ်။ Nobody အခုတလော အရမ်းနာမည်ကြီးနေတဲ့သီချင်းပဲ။

05 Lanlan : ဟုတ်တယ်၊ ငါတို့မိန်းကလေးတွေ ဒီသီချင်းကို အရမ်းကြိုက်ကြတယ်။

06 Xiaoming : ဒါနဲ့ Lanlan နင်ကဘယ်သူ့ရဲ့ပရိတ်သတ်လဲ။

07 Lanlan : ငါ့က S.H.E ရဲ့သီချင်းတွေကို ကြိုက်တယ်၊သူတို့ ခွေအသစ်ထွက်ထားတယ်၊ နင်တစ်ပုဒ်ရွေး လိုက်။

08 Xiaoming : သီချင်းအသစ်တွေကအများကြီးပဲ၊ဘယ်သီချင်းကနားထောင်လို့ကောင်းတယ်ဆိုတာငါမသိဘူး။

09 Lanlan : ငါကြည့်မယ်၊ဒီသီချင်းက ငါအကြိုက်ဆုံးသီချင်းပဲ။

10 Xiaoming : အိုင်းယား . . ဒီသီချင်းက မင်းတို့မိန်းကလေးတွေပဲ ကြိုက်တာ၊ ငါမကြိုက်ပါဘူး။

11 Lanlan : Xiaoming နင်ကြိုက်ကြိုက်မကြိုက်ကြိုက်ကိစ္စမရှိဘူး၊ငါကတော့သူတို့ရဲ့ အမာ ခံပရိတ်သတ်ပဲ။

12 Xiaoming : ကောင်းပါပြီ၊ နင့်ဘာသာ အမာခံပရိတ်သတ်ဆက်လုပ်နေလိုက်၊ ငါတော့ ဘောလုံးသွား ကစားတော့ မယ်။

13 Lanlan : ဟေး Xiaoming နင်ပြန်လာခဲ့၊ကောင်းပြီကောင်းပြီ၊ ငါနားမထောင်တော့ဘူး၊ နင့်ဘယ်သူ့ သီချင်းနားထောင်ရတာကြိုက်လဲ။

14 Xiaoming : Michael Jackson သီချင်းက အကောင်းဆုံးပဲလို့ ငါထင်တယ်။

15 Lanlan : Michael Jackson သူ့သီချင်းတွေက ခေတ်နောက်ကျနေပြီ။

16 Xiaoming : အိုင်းယား. . သူ့သီချင်းတွေက ခေတ်နောက်ကျတာမဟုတ်ဘူး၊ ဂန္တဝင် သီချင်းတွေ၊ Heal the World က ငါ့အကြိုက်ဆုံးသီချင်းပဲ။

17 Lanlan : အိုး . ငါသတိရပြီ၊ ပြီးခဲ့တဲ့ကျောင်းပွဲတုန်းက နင် Heal the World သီချင်းနဲ့ ဖျော်ဖြေခဲ့တာမလား။

18 Xiaoming : ဟုတ်တယ်။

19 Lanlan : Michael Jackson ရဲ့တခြားကောင်းတဲ့သီချင်းတွေရှိသေးလား။

20 Xiaoming : အများကြီးပဲရှိတယ်၊ နင် They don't Really Care about Us သီချင်း နားထောင်ဖူးလား။

21 Lanlan : နားမထောင်ဖူးဘူး။

22 Xiaoming : ဒီမှာရှိတယ်၊ ငါနင့်ကို အဲ့သီချင်းဖွင့်ပြမယ်။

23 Lanlan : ကောင်းပြီ။

C ဝေါဟာရ

01 အရမ်း
02 ကြားဖူးသည်
03 မကြားဖူးဘူး
04 သေချာသည်
05 ba (SOV)
06 သီချင်း
07 ဖွင့်သည်
08 သိသည်
09 အခုတလော
10 စကားလုံးတိုင်းတာ
(သီချင်းနှင့် ကဗျာ)
11 နာမည်ကြီး
12 ကျောင်းသူ
13 အများဆုံး
14 ပရိတ်သတ်
15 ထွက်သည်
16 အသစ်
17 ခွေ
18 ရွေးချယ်သည်
19 ဘယ်ဟာကောင်းတယ်
+ မသိဘူး
20 အလေးပေးမှု
21 မိန်းကလေး
22 + ဘာပဲဖြစ်ဖြစ်
23 ကြိုက်မကြိုက်
24 အဓာခံပရိတ်သတ်
25 လုပ်ဆောင်သည်
26 ဘောလုံးကစားသည်
27 ထင်သည်
28 ဂန္တဝင်
29 သတိရ(မှတ်မိ)
30 အရင်
31 ကျောင်းပွဲ
32 ဖျော်ဖြေသည်

D မေးခွန်း

ဝေါဟာရ ： 01 သဘောမတူပါ 02 တစ်ဦး(ယဉ်ကျေး) 03 အဆိုတော်

သင်ခန်းစာ(၃၆) : ချီးမွမ်းခြင်း

A/B စာသား

01 Lanlan : Xiaoming၊ Michael Jackson သီချင်းတွေက တကယ်အရမ်းနားထောင်လို့ကောင်းတာပဲ၊ ငါအရင်က ဘာလို့သတိမထားမိတာပါလိမ့်။

02 Xiaoming : ငါနင့်ကို ပြောပါတယ်၊ သူ့သီချင်းအားလုံးကကောင်းတယ်လို့၊ နင် တစ်ယောက်တည်းကြိုက်တာမဟုတ်ဘူး၊ ငါ့အဖေကလည်း သူ့ရဲ့ပရိတ်သတ် တစ်ယောက်ပဲ။

03 Lanlan : ဘာလဲ၊ ဦးလေးကလည်း သူ့ရဲ့ပရိတ်သတ်ပဲလား၊ ဦးလေးက ခေတ်မီတယ်နော် . . ဟဟ

04 Xiaoming : Lanlan နင်ဘာရယ်တာလဲ၊ နင်သိလား ငါ့အဖေတို့ငယ်ငယ်တုန်းကဆို သူ ကအရမ်းကိုနာမည်ကြီးနေတဲ့အဆိုတော်တစ်ယောက်ပဲ၊ကမ္ဘာတစ်ဝှမ်းမှာသူ့ပရိတ်သတ်တွေအများကြီးရှိတယ်။

05 Lanlan : အိုး . . ဒီလိုလား။

06 Xiaoming : Lanlan နောက်တစ်ပတ်ငါတို့ကျောင်းရဲ့ ပွဲတော်လေ၊ နင်တို့ မိန်းကလေးတွေ သီချင်းဆိုမှာမလား။

07 Lanlan : အင်. . နင်ပြောကြည့် ငါတို့ ဘာသီချင်းဆိုရင်ကောင်းမလဲ။

08 Xiaoming : Michael Jackson ရဲ့ Heal the World နဲ့ဆိုရင်ရော၊ ဆိုလည်းဆိုကလည်းက။

09 Lanlan : မရဘူး မရဘူး၊ ဆိုလည်းဆို ကလည်းက ရမယ်၊ Xiaoming ငါတို့မိန်း ကလေးတွေက သူ့သီချင်းတွေမဆိုနိုင်ဘူး။ အဲဒါက အရမ်းရူးတာပဲ။

10 Xiaoming : နင်ပြောတာလည်း မှန်တယ်။ ဒါဆို နင်တို့ဘာသီချင်းဆိုမယ်လို့ စဉ်းစား ထားလဲ။

11 Lanlan : ငါတို့ S.H.E အဖွဲ့ဆိုထားတဲ့ Zhongguohua သီချင်းဆိုချင်တယ်။

12 Xiaoming : အိုး. . ဒီသီချင်းလား ကျယ်သော တိုင်နဲ့ ရှည်လျားသော ထိုင်ခုံ၊ တိုင်က ထိုင်ခုံရှည်နဲ့ချည်နှောင်ထား တယ်၊ထိုင်ခုံရှည်က တိုင်ကို ချည်နှောင်မထား ဘူး၊ ဒီသီချင်းက လျှာလိမ်တယ်။

13 Lanlan : ဘယ်လိုလဲ၊ ငါတို့ ဆိုရင်းနဲ့ ဖျော်ဖြေမယ်ဆိုရင် ကြည့်ကောင်းမှာ သေချာတယ်။

14 Xiaoming : မင်းပြောတာကောင်းတယ်၊ နင်တစ်ခါဆိုကြည့်၊ ငါနင့်ကိုကူကြည့် ပေးမယ်။

15 Lanlan : ငါတို့ မလေ့ကျင့်ရသေးဘူး။

16 Xiaoming : နင်ကအဆိုကောင်းတယ်ဆိုတာငါတို့အားလုံးသိပါတယ်၊ အခြေခံကျကျလေ့ကျင့်စရာမလိုပါဘူး။ မြန်မြန်လုပ်၊ ငါသီချင်းနဲ့ တွဲဖက် ဖွင့်ပေးမယ်။

17 Lanlan : ကောင်းပြီ၊ အသံနည်းနည်းချဲ့ပေးအုံး။

18 Xiaoming : ချီးကျူးပါတယ် မဆိုးဘူး။ နင့်တို့ ဖျော်ဖြေတာအောင်မြင်မယ်လို့ ငါယုံကြည် တယ်။

C ဝေါဟာရ

01 တကယ့်ကို
02 အရင်က
03 သတိထားသည်
04 …တည်းမဟုတ်ဘူး
+လည်းပဲ
05 တောင်မှ
06 ပရိတ်သတ်
07 ခေတ်မီသော
08 ရယ်သည်
09 …ချိန်တုန်းက
10 ငယ်ရွယ်သော
11 လူကြိုက်များသော
12 အဆိုတော်
13 ကမ္ဘာတစ်ဝှမ်း
14 ဖျော်ဖြေမှု
15 လည်း+လည်း
16 ဆိုသည်
17 ကသည်
18 မရဘူး
19 ဆိုလို့မရဘူး
20 ရှူးသည်
21 ပြောတာမှန်တယ်
22 ထိုင်ခုံရှည်
23 တာဝန်ယူသည်
24 ကျယ်ပြန့်သော
25 ပြားချပ်သော
26 ချည်သည်
27 စိတ်ဓာတ်ကြွခိုင်သော
28 လျှာလိမ်တယ်
29 မြူးကြွစည်ကားသော
30 ငါတို့
31 လေ့ကျင့်သည်
32 အခြေခံကျကျ
33 bɑ (SOV)
34 တွဲဖက်
35 သီချင်း
36 ဖွင့်သည်
37 ချဲ့သည်
38 အသံ
39 ချီးကျူးပါတယ်
40 ယုံကြည်သည်
41 သေချာတယ်
42 အောင်မြင်သည်

D မေးခွန်း

ဝေါဟာရ : 01 ရှာဖွေတွေ့ရှိသည် 02 အကြိုပြုသည် 03 သီချင်းစာသား

သင်ခန်းစာ(၃၇) : တိုင်ကြားသည်

A/B စာသား

01 Xiaoming အမေ : ရှောင်မင် အရမ်းဆူညံနေတာပဲ၊ ဘာလို့သီချင်းကို အကျယ်ကြီးဖွင့်နေတာလဲ။

02 Lanlan : မင်္ဂလာပါ အန်တီ။

03 Xiaoming အမေ : Lanlan နင်တို့နှစ်ယောက်ဘာလုပ်နေတာလဲ။

04 Lanlan : နောက်အပတ်ကျောင်းမှာ စုံညီပွဲရှိတယ်၊ သမီးတို့မိန်းကလေးတွေ သီချင်းဆို ဖျော်ဖြေကြမယ်၊ အခုလေ့ကျင့်နေတာ။

05 Xiaoming အမေ : အိုး . . အဲကြောင့်လား၊ နင်တို့လေ့ကျင့်နေတာ အခြေနေဘယ်လိုလဲ။

06 Xiaoming : အမေ၊ သူသီချင်းဆိုတာ တကယ်အရမ်းကောင်းတယ်။

07 Xiaoming အမေ : Lanlan ၊ Xiaoming နင်တို့သီချင်းဆိုနေတာ တော်တော်ကြာနေပြီ၊ အိမ်စာလုပ်တော့။

08 Lanlan : ဟုတ်ကဲ့။

09 Xiaoming : ဟုတ်ကဲ့၊ ဟုတ်ကဲ့ အိမ်စာလုပ်မယ်၊ ကျွန်တော်အိမ်စာလုပ်ပြီးပြီ။

10 Lanlan : Xiaoming ငါတို့မနက်ဖြန်သင်ခန်းစာအသစ်အတွက် ကြိုတင်လေ့လာ ရအောင်။

11 Xiaoming : အိုင်းယိုး ဘာသင်ခန်းစာအသစ်ကြိုတင်လေ့လာမှာလဲ။

12 Xiaoming အမေ : Xiaoming ဘာလို့ ဒီလောက်တောင်စကားနားမထောင်ရတာလဲ၊ တစ်နေ့လုံး ကစားဖို့ပဲ စဥ်းစားနေတယ်၊ ဒါကြောင့်အိမ်စာလုပ်ဖို့ လုံးလုံးကိုမေ့နေတာလေ။

13 Xiaoming : ကျွန်တော်သင်ခန်းစာသစ်အတွက် ကြိုတင်မလုပ်သေးဘူးလို့ဘယ်သူပြောလဲ။

14 Xiaoming အမေ : ဒီကလေးနဲ့တော့၊ ငါတို့ရဲ့ Lanlan ကိုကြည့် လေ့လာတာ အဆင့် ကောင်းတွေပဲ။ Lanlan နင်နောက်ပိုင်း Xiaoming ကို ပိုပြီးကူညီလိုက် အုံး၊ အထူးသဖြင့် သူ့ရဲ့စာစီစာကုံးပဲ။ ရေးတာ အရမ်းဆိုးတယ်။

15 Xiaoming : အဲတာကို မပြောနဲ့တော့ ဟုတ်ပြီလား၊ ကျွန်တော်က တော်ပါတယ်။

16 Xiaoming အမေ : ငါလည်း မင်းကို ထုံတယ်လို့မပြောပါဘူး၊ မင်းရဲ့အဆင့်တွေကတက်မလာ ဘူး၊ အမြဲတမ်း မင်းက ကစားဖို့ပဲစိတ်ကူးနေတယ်။

17 Xiaoming : ဟုတ်ပြီ၊ဟုတ်ပြီ၊ အမေပြောတဲ့အတိုင်းလုပ်မယ်။

18 Lanlan : စိတ်မပူပါနဲ့၊သမီးတို့နှစ်ယောက် တရုတ်စာအတန်းချိန်အတွက် ကြိုတင် လေ့လာလိုက်အုံးမယ်၊ Xiaoming တစ်ခုခုနားမလည်ရင် ပြောပြလိုက်မယ်။

19 Xiaoming အမေ : သိပ်ကောင်းတာပေါ့ Lanlan၊ ကျေးဇူးတင်ပါတယ်။

20 Lanlan : ရပါတယ် အန်တီ။

21 Xiaoming: . . .*

22 Xiaoming အမေ : ဒီကလေးကတော့လေ။

*(21) တရုတ်စာပေ (လေ့လာစရာ မလိုပါ)

C ဝေါဟာရ

01 အရမ်းဆူညံတယ်
02 bα
03 သီချင်း
04 ဖွင့်သည်
05 အဲ့လောက်
06 ကျယ်သော
07 ဘာလုပ်တာလဲ
08 စီစဉ်တယ်
09 ဖျော်ဖြေသည်
10 အခု၊ လောလောဆယ်
11 လေ့ကျင့်သည်
12 အဲကြောင့်လား
13 မိုက်တယ်
14 အချိန်ကြာမြင့်စွာ
15 အိမ်စာ
16 ကြိုတင်လေ့လာသည်
17 အသစ်
18 ဘာလို့အဲ့လောက်တောင်
19 စကားနားထောင်သည်
20 တစ်နေ့လုံး
21 သာလျှင်
22 ကိစ္စ
23 မေ့သည်
24 လုံးလုံး
25 ငါတို့ရဲ့
26 အဆင့်
27 ပြီးနောက်
28 အထူးသဖြင့်
29 စာစီစာကုံး
30 ဆိုးရွားသော
31 မပြောပါနဲ့တော့
32 အရမ်း
33 ဉာဏ်ကောင်းသော
34 တက်မလာဘူး
35 အမြဲတမ်း
36 ဘာကြောင့်လဲဆိုတော့
37 ပျော်ပါးသော
38 စကားနားထောင်သည်
39 စိတ်ချပါ
40 တရုတ်စာ
41 အကယ်၍
42 ပြောသည်
43 ရပါတယ်၊ အားမနာပါနဲ့

D မေးခွန်း

ဝေါဟာရ ： 01 ရှင်းပြပါ 02 အသံထွက်ဖတ်ပါ

သင်ခန်းစာ(၃၈) : ချိန်းဆိုခြင်း

A/B စာသား

01 Lanlan : ဟယ်လို မင်္ဂလာပါ။

02 Maike : Lanlan နင်ဘယ်မှာလဲ။

03 Lanlan : Maike လား၊ ငါအခုပဲရေကူးပြီးလို့ အိမ်ပြန်တော့မလို့၊ Maike ဘာကိစ္စရှိလို့လဲ။

04 Maike : Maike နင်ဒီနေ့ အချိန်ရှိလား။

05 Lanlan : နေ့လည်ခင်းတော့နည်းနည်းအားတယ်။

06 Maike : ဒီနေ့ရာသီဥတု ဒီလောက်သာယာတာ၊ ငါနဲ့ Nánluógǔxiàng ကို လိုက်ခဲ့ပါလား။

07 Lanlan : Nánluógǔxiàng Maike တောင်းပန်ပါတယ်၊ ညနေ စန္ဒရား သင်တန်းရှိသေးတယ်။ အတန်း ချိန်မီ ပြန်မရောက်မှာစိုးတယ်၊ နင် Xiaoming နဲ့ သွားလိုက်လေ။

08 Maike : Xiaoming က အချိန်ပိုအတန်းသွားတက်ပြီ၊ အိမ်မှာငါတစ်ယောက်တည်းရယ်။

09 Lanlan : နင်ဘာလို့ ဈေးဝယ်သွားဖို့ စဥ်းစားမိတာလဲ၊ တခြားနေ့တွေသွားလို့မရဘူးလား။

10 Maike : နင်မစိုးရိမ်ပါနဲ့ငါတို့အမြန်သွားအမြန်ပြန်ခဲ့မယ်လေ၊ပြီးတော့ဒီနေ့ရာသီဥတုက လည်းသာယာတယ်။

11 Lanlan : ကောင်းပြီလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ငါလည်းပဲ ဈေးဝယ်ထွက်ချင်နေတာ၊ ငါနင် နဲ့လိုက်ခဲ့မယ်။

12 Maike : အရမ်းကောင်းတာပဲ၊ Lanlan ငါတို့တွေ ကားအတူတူစီးသွားကြမလား။

13 Lanlan : အခု ငါရောက်နေတာက Nánluógǔxiàng နဲ့နီးတယ်၊ ငါတို့သပ်သပ်စီသွား ရအောင်။

14 Maike : ကောင်းပြီလေ နောက်တစ်နာရီကြာရင် Nánluógǔxiàng မှာတွေ့ကြမယ်။

15 Lanlan : အိုး Maike အမေကငါ့ကို ပုံတွေသွားယူခိုင်းထားတာ အခုမှသတိရတယ်၊ တစ်နာရီခွဲကြာမှ တွေ့ရအောင်။

16 Maike : ရတယ်၊ ပြဿနာမရှိဘူး။

17 Lanlan : Maike အဲမှာ တွေ့မယ်နော်။

18 Lanlan : ဘာလို့အဲလောက်ကြာနေတာလဲ။

19 Maike : Lanlan ၊ Lanlan ၊ နောက်ကျတဲ့အတွက်တောင်းပန်ပါတယ်။

20 Lanlan : ဘာဖြစ်လို့လဲ။

21 Maike : လမ်းမှာ ကားကြပ်နေလို့ မှတ်တိုင်လွတ်သွားတာ၊ တကယ်တောင်းပန် ပါတယ်။

22 Lanlan : ကိစ္စမရှိဘူး၊ Maike မြန်မြန်သွားကြစို့။

C ဝေါဟာရ

01 ဟယ်လို
02 ရေကူးသည်
03 အခု
04 စီစဉ်သည်
05 အိမ်ပြန်သည်
06 ကိစ္စ
07 အချိန်
08 အားလပ်ချိန်
09 နှင့်အတူ
10 နေရာအမည်
11 တောင်းပန်ပါတယ်
12 စန္ဒယားသင်တန်း
13 ကြောက်တယ်
14 အချိန်မမီဘူး
15 ခွင့်ပြုသည်
16 အချိန်ပိုအတန်း
17 သာလျှင်
18 ဈေးဝယ်ထွက်သည်
19 တစ်ခြားနေ့
20 စိတ်ချပါ
21 မြန်မြန်သွားပြီး
မြန်မြန်ပြန်လာမယ်
22 ထို့ပြင်
23 အတူတူ
24 စီးသည်
25 …နဲ့နီးတယ်
26 သပ်သပ်စီ
27 ယူသည်
28 တစ်ဝက်၊ နာရီဝက်
29 နာရီ
30 အဲမှာ တွေ့မယ်
31 ဘာဖြစ်တာလဲ
32 လမ်းမှာ
33 ကားကြပ်
34 မှတ်တိုင်လွတ်သွားသည်
35 ကိစ္စမရှိပါဘူး

D မေးခွန်း

ဝေါဟာရ: 01 ပြီးနောက် 02 ဆွဲဆောင်သည် 03 ပြောင်းလဲမှု 04 စိတ်ကူး 05 အချိန်မှန်
06 ရောက်သည်

သင်ခန်းစာ (၃၉) : Nánluógǔxiàng

A/B စာသား

01 Maike : Lanlan ကြည့်..ဒီက ဆိုင်အချို့တည်ဆောက်ပုံလေးတွေက ရှေးကျတဲ့ ပုံစံ လေးလိုတွေပဲ။ တကယ့်တရုတ်လို့ခံစားရတယ်။

02 Lanlan : ဟုတ်တယ်၊ ဒီနေရာက တရုတ်နဲ့ အနောက်တိုင်းပေါင်းစပ်မှုဟု ဆိုနိုင်တယ်၊ နိုင်ငံခြားသား တွေက ဒီနားက အရက်ဘားကိုလာရတာ ကြိုက်ကြတယ်။တရုတ် ဆိုင်လေးတွေ လည်ရတာ ဘယ်လောက်တောင်စိတ်ဝင်စားဖို့ကောင်းလဲ။

03 Maike : နင်ပြောတာအမှန်ပဲ ငါလဲဒီနေရာကိုကြိုက်တယ်၊ ဒီမှာကြည့် ငါ ကင်မရာလည်း ယူလာသေးတယ်။

04 Lanlan : ငါစဉ်းစားနေတာ နင်ဘာလို့ Nanluoguxiang ကို လာရမှာလဲဆိုတာ၊ တကယ် တော့နင်ရှူခင်းတွေကို ရိုက်ချင်လို့ကိုး။

05 Maike : ဟားဟား ရှုခင်းတွေ ရိုက်ရုံမကဘူး ပြီးတော့ အမေရိကန်က ငါ့သူငယ်ချင်း အတွက် လက်ဆောင်ရောဝယ်ချင်လို့။ သူက ပေကျင်းပြဇာတ်တွေကို ကြိုက်တယ်၊ အဲဒါကြောင့် ပြဇာတ်မျက်နှာဖုံးဝယ်ချင်တယ်။

06 Lanlan : နင်နေရာမှန်ကိုရောက်တာပဲ၊ ဟိုအရှေ့ကဆိုင်က ပြောမရဘူး သူတို့ရောင်းလောက်တယ်။ ငါတို့ဝင်ပြီး သွားကြည့်ကြရအောင်။

07 Maike : ကောင်းပြီ။

08 Lanlan : Maike ကြည့်အုံး ဒီစက်ရုပ်က အရမ်းချစ်ဖို့ကောင်းတာပဲ၊ နင့်သူငယ်ချင်းအတွက်ဝယ်ပါလား။

09 Maike : သူက ငါနဲ့ ရွယ်တူကောင်လေးပဲ၊ သူကြိုက်မယ်လို့မထင်ဘူး။

10 Lanlan : ဒါပေမဲ့ ငါတို့မျက်နှာဖုံးတွေ ရှာမတွေ့သေးဘူး။ ငါမေးကြည့်အုံးမယ်၊ မင်္ဂလာ ပါ ပေကျင်းပြဇာတ်မျက်နှာဖုံးတွေရှိ လား။

11 ရောင်းသူ : တောင်းပန်ပါတယ်၊ ငါတို့ဆီမှာမရှိဘူး။ ဒါပေမဲ့ ဟိုဘက်ဆိုင်မှာတော့ မျက်နှာဖုံးပါတဲ့ အင်္ကျီတွေ ရောင်းမယ်ထင်တယ်၊ နိုင်ငံခြားသားတွေကအဲဒါ တွေကိုကြိုက်တယ်။

12 Maike : အရမ်းကောင်းတာပဲ၊ ကျေးဇူးတင်ပါတယ်။

13 Lanlan : Maike ဒီတစ်ထည်ဘယ်လိုလဲ။

14 Maike : အရမ်းလှတာပဲ၊ ဒီတစ်ထည်ပဲယူလိုက်မယ်။ မင်္ဂလာပါ ကျေးဇူးပြုပြီး ဒီလိုပုံစံ L ဆိုဒ်တစ်ထည်လောက်ပေးပါ။

15 Maike : ဒီရှုထောင့်လေးက အရမ်းကောင်းတယ်၊ အမှတ်တရ ပြဖို့ဓာတ်ပုံရိုက်အုံးမယ်...မဆိုးဘူး၊ မဆိုးဘူး။

16 Maike : Lanlan ငါတို့အိမ်လမ်းကြားထဲလျှောက် လျှောက်ကြည့်ရအောင်၊ ငါ ဒီထွင်းထားတဲ့ ကျောက်တုံးကို ကြိုက်တယ်။

17 Lanlan : ရှုခင်းတွေပဲ အာရုံစိုက်ပြီး ရိုက်မနေနဲ့၊ ငါနင့်ကို ဓာတ်ပုံရိုက်ပေးမယ်။

18 Maike : ရတယ်၊ ငါနင့်ရဲ့ မော်ဒယ်လုပ်ပေးမယ်။

19 Maike : ဒီလိုပို့စ်လေးဆိုရင်ရော ဘယ်လိုလဲ၊ မိုက်လား။

20 Lanlan : အရမ်းကောင်းတယ်၊ နောက်ထပ်တခြားပို့စ်ပြောင်းအုံး။

21 Maike : Lanlan ဒီခြံဝန်းကိုကြည့်လိုက် အကျယ်ကြီးပဲ။

22 Lanlan : ဟုတ်တယ် ကျယ်တာတော့ကျယ်ပါတယ်၊ ဒါပေမဲ့ ငါက အထပ်အိမ်တွေကိုပိုကြိုက်တယ်။

23 Maike : ငါက နိုင်ငံသားခြားမလို့ထင်တယ်၊ ဒါကြောင့် ခြံဝန်းက အရှေ့တိုင်း အသွင်အပြင် ပိုရှိတယ်ထင်တယ်။

24 Lanlan : နင်ပြောတာလည်း အဓိပ္ပါယ်ရှိပါတယ်။

25 Lanlan : အိုင်းယား . . Maike ဇနောရီထိုးနေပြီ၊ ငါဖခဲ့ရင် စန္ဒရားသင်တန်းရှိသေးတယ်။

26 Maike : ဒါဆိုငါနင့်ကို ပြန်လိုက်ပို့မယ်။

27 Lanlan : ရတယ်၊ ကြည့်ရတာ တက္ကစီ စီးရမယ်ထင်တယ်၊ ဒီကို တစ်ခေါက်တစ်လေ ရောက်ဖို့က မလွယ်ဘူး၊တစ်ယောက်တည်း လျှောက်ကြည့်လိုက်အုံး။

28 Maike : ကောင်းပြီ၊ ဂရုစိုက်အုံး။

29 Lanlan : ကောင်းပြီ၊ မနက်ဖြန်မှ တွေ့မယ်။

C ဝေါဟာရ

01 ဈေးဆိုင်ငယ်
02 ပြုပြင်သည်
03 ရှေးကျသော
04 ခံစားမှု
05 တရုတ်နှင့် အနောက်တိုင်း ပေါင်းစပ်မှု
06 ကလပ်၊ အရက်ဘား
07 လည်သည်
08 ထူးခြားချက်
09 စိတ်ဝင်စားစရာ
10 အရမ်း
11 bɑ (SOV)
12 ကင်မရာ
13 ...ရမယ်
14 တကယ်တော့
15 ရိုက်သည်
16 ရှုခင်း
17 သာမက…ပြီးတော့
18 အမေရိကန်
19 သူငယ်ချင်း
20 ပို့သည်
21 လက်ဆောင်
22 ဒါကြောင့်
23 ပေကျင်းပြဇာတ်
24 မျက်နှာဖုံး
25 ဟုတ်တယ်၊ မှန်တယ်
26 နေရာ
27 အရှေ့နားမှာ
28 ပြောမရဘူး
29 ဝင်သွားသည်
30 စက်ရုပ်
31 ဒါပေမဲ့
32 နိုင်ငံခြားသား
33 ယူသည်
34 ထည်(အင်္ကျီ)
35 နံပါတ်၊ ဆိုဒ်
36 ရှုထောင့်
37 ဓာတ်ပုံရိုက်သည်
38 ထည်(ဘောင်းဘီ)
39 လမ်းကြား
40 ထွင်းထားသော ကျောက်တိုး
41 အာရုံစိုက်သည်
42 မော်ဒယ်
43 ပို့စ်
44 မိုက်သော
45 အရမ်း၊ အလွန်
46 ပြောင်းသည်
47 ခြံဝန်း
48 ဟုတ်တော့ဟုတ်တယ်....ဒါပေမဲ့
49 ကျယ်ပြန့်သော
50 ပိုပြီး
51 အထပ်အိမ်
52 ရတယ်၊ မလိုပါဘူး
53 တက္ကစီစီးသည်
54 တစ်ခါလာဖို့က မလွယ်ဘူး
55 ဂရုစိုက်ပါ

D မေးခွန်း

ဝေါဟာရ: 01 အကြံပြုသည် 02 အယူအဆပြောင်းလဲခြင်း

သင်ခန်းစာ(၄၀) : ပေကျင်းမုန့် (အပိုင်း-၁)

A/B စာသား

01 Xiaoming : Maike ဒီနေ့ငါရဲ့ အမေရိကန်ဘောလုံးလေ့ကျင့်တာဘယ်လိုနေလဲ။

02 Maike : ဘယ်လိုပြောရမလဲ၊ မင်းငါ့ကိုဆရာတင်ကတည်းက မင်းကတစ်နေ့ထက်တစ်နေ့တိုးတက်လာတယ်၊ ဒါမှမဟုတ်ငါကပဲသင်ပေးတာကောင်းတာလား၊ စကားပုံမှာ ဘယ်လိုခေါ်တယ် " ဆရာကောင်း..." ဆိုလားပဲ။

03 Lanlan : " ဆရာကောင်းတပည့်ပန်းကောင်းပန်"။

04 Xiaoming : နင်ငါ့ကိုလန့်အောင်လုပ်နေတာလား၊ Lanlan နင်ဘယ်အချိန်ကတည်းက ပေါ်လာတာလဲ။

05 Lanlan : ငါနင့်တို့နောက်ကို လိုက်လာတာ၊ တကယ်တော့ နင်တို့ငါ့ကို မတွေ့မိတာ။

06 Maike : Lanlan၊ Xiaoming ငါဗိုက်ဆာတယ်၊ တစ်ခုခု သွားစားကြရအောင်။

07 Xiaoming : ကောင်းတယ်၊ကောင်းတယ်၊ ငါတို့ ဟမ်ဘာဂါသွားစားရင်ကော ဘယ်လိုလဲ။

08 Lanlan : မကောင်းဘူး၊ အဲဒါက သရေစာသတ်သတ်ပဲ။

09 Xiaoming : ဒါဆိုဘာစားမှာလဲပြော၊ဘဲကင်၊ပုစွန်ထုပ်ကျော် အရမ်းဈေးကြီးတယ်။

10 Lanlan : ငါမှာ အကြံကောင်းတစ်ခုရှိတယ်၊ Maike ကို ပေကျင်းမုန့်စားရအောင်ခေါ်သွားရင် ဘယ်လိုလဲ။ အရသာလည်း ကောင်းတယ်၊ဈေးလည်းသက်သာတယ်၊ Maike ကြိုက်မယ်ဆိုတာ သေချာတယ်။

11 Maike : ပေကျင်းအစားအစာ၊အရမ်းကောင်းတယ်။ ငါက တီဗွီထဲမှာပဲမြင်ဖူးတာ၊ ငါစားချင်နေတာကြာပြီ၊ သွားကြစို့ ငါလည်း ဆာလှပြီ။

12 Maike : ဝါး…အကုန်လုံးက စားကောင်းတာတွေပဲ၊ ငါအကုန်လုံးတောင်စားမကုန်နိုင်တော့ဘူး။

13 Xiaoming : ဟားဟား ဒါဆိုလည်း နည်းနည်းပိုစားပါအုံး၊ ဗိုက်ပြည့်ရင်တော့ အမေရိကန်ဘောလုံးကောင်းကောင်း ပြန်သင်ပေး။

14 Lanlan : Maike နင် ပဲနို့စိမ်းရည် သောက်အုံးမလား။

15 Maike : ပဲနို့စိမ်းရည်၊ ဘာအနံ့ကြီးလဲ၊ မသောက်ဘူး မသောက်ဘူး။

16 Xiaoming : Maike မင်းမသောက်ဘူးဆိုရင်တော့ မင်းက ပေကျင်းက လူ လို့ မမှတ်ယူနိုင် သေးဘူး။

17 Lanlan : Maike ပဲနို့စိမ်းရည်က ပေကျင်းရဲ့အကောင်းဆုံးအစားအစာတစ်ခုလို့ ယူဆလို့ရတယ်၊ ဒါပေမဲ့ ပထမဆုံးသောက်တဲ့အချိန်တော့ဘယ်သူမှမကြိုက်ကြဘူး၊ တဖြည်းဖြည်းနဲ့တော့ ကြိုက်လာကြတာပဲ။

18 Maike : ဒါဆို နောက်တစ်ခါမှသောက်တော့မယ်။

19 Lanlan : ကောင်းပြီ။

20 Maike : Lanlan ပေကျင်းကအစားအစာတွေက နှစ်ပေါင်းများစွာသမိုင်းကြောင်းရှိ တယ်မလား။

21 Xiaoming : ရှိတာပေါ့၊ ဒါနဲ့ ဒီ “ Ludagun ”မုန့်အကြောင်း ပြောကြည့်ရင်၊ ဒီဟာက နှစ် ပေါင်းရာကျော် သမိုင်းရှိတယ်။

22 Maike : ငါမြည်းကြည့်မယ်။

23 Lanlan : ဘယ်လိုလဲ၊ စားကောင်းလား။

24 Maike : အင်း..စားကောင်းတယ်၊ စားကောင်းတယ်။ နာမည်ပဲ နားထောင်လို့မကောင်းတာ။

C ဝေါဟာရ

01 ကတည်းက
02 ဆရာတင်သည်
03 နေ့တိုင်း
04 တိုးတက်သည်
05 ဒါမှမဟုတ်
06 လုပ်ရမည်
07 စာကြောင်း
08 လို့ ခေါ်တယ်
09 စကားပုံ
10 စကားပုံ*
11 ငါ့ကိုလန့်အောင် လုပ်တယ်
12 ပေါ်လာသည်
13 တစ်လျှောက်
14 လိုက်သည်
15 တကယ်တော့
16 တွေ့ရှိသည်
17 ဟမ်ဘာဂါ
18 မကောင်းဘူး
19 သရေစာ
20 ဘဲကင်
21 ပုဇွန်ထုပ်ကြော်
22 အကြိုညာဏ်
23 မုန့်
24 …လည်း…လည်း
25 ချေးသက်သာသော
26 သေချာသော
27 …မှာ
28 တီဗွီ
29 ကြည့်ဖူးသည်
30 ကြာပြီ
31 မတတ်နိုင်ဘူး
32 ဗိုက်ဝပြီ
33 ပဲနို့စိမ်းရည်
34 အနံ့၊ အရသာ
35 မမှတ်ယူနိုင်သေးဘူး
36 ယူဆသည်
37 အကောင်းဆုံး
38 ဒါပေမဲ့
39 သမိုင်း
40 ဟုတ်တာပေါ့
41 ဒီဟာကို ယူပြီးပြော ကြည့်ရင်
42 Ludagun **
43 မြည်းကြည့်သည်

* ဆရာကောင်းတပည့် ပန်းကောင်းပန် ** မုန့်ကြိုးလိမ်

D မေးခွန်း

ဝေါဟာရ: 01 အရသာ / ပိုကြိုက်တယ် 02 အရင်

သင်ခန်းစာ(၄၀) : ပေကျင်းအစားအစာ (အပိုင်း-၂)

A/B စာသား

01 Xiaoming : Maike ဘယ်လိုလဲ၊ဗိုက်ပြည့်ပြီလား။

02 Maike : နည်းနည်းဝပြီထင်တယ်၊ ဒါပေမဲ့ ကောင်းတဲ့ အစားအစာတွေ အများကြီးရှိသေးတယ်။

03 Lanlan : ဒါပေါ့၊ ဒီမှာ အရသာရှိတဲ့အစားအစာတွေအများကြီးရှိတယ်၊ တစ်ခါတည်းနဲ့ ဘယ်လိုလုပ် အကုန်စား နိုင်မှာလဲ။ ကိစ္စမရှိပါဘူး၊ နောက်တစ်ခါမှ ငါတို့နင့်ကို ထပ်စားဖို့ ခေါ်လာမယ်။

04 Xiaoming : Lanlan၊ လာပြီဆိုကတည်းက Maike ကို အမျိုးအစားစုံအောင် ပေးစား လိုက်၊ ပြီးရင် အမေရိကန်ဘောလုံးကစားမယ်။

05 Lanlan : အိုင်း . . နင်က အမေရိကန်ဘောလုံးကစားဖို့ပဲ သိတယ်။

06 Xiaoming : အစားအစာတွေ အများကြီးစားထားတယ်မလား၊ ဘောလုံးကစားရင် အစာခြေတာကိုကူညီပေးတယ်လေ။

07 Maike : Lanlan ဒီဝါဝါလေးက ဘာလဲ။

08 Lanlan : ဒါက ငါအကြိုက်ဆုံးအစားအစာပဲ၊ ဒါက ပဲဝါကိတ်လေ။

09 Maike : ပဲဝါကိတ်ဟုတ်လား၊ဒါဆိုသေချာပေါက်ပဲစေ့နဲ့လုပ်ထားတာမလား။

10 Lanlan : မမှားဘူး၊ အရမ်းတော်တယ်၊ နင်ပြောတာ နည်းနည်းမှ မမှားဘူး။

11 Maike : ဒါက " Ludagun " ထက် ခန့်မှန်းရတာ လွယ်ကူတယ်။

12 Lanlan : Maike နင်ပဲဝါကိတ်ကို အထင်မသေးနဲ့၊ အရင်ကဆို ရှင်ဘုရင်တွေသာလျှင်စား နိုင်တာနော်။

13 Maike : ဘာလို့လဲ၊ ပဲစေ့က ဈေးကြီးနေလို့လား။

14 Lanlan : ပဲဝါကိတ်ကြောင့် မဟုတ်ဘူး၊ ပဲဝါကိတ်လုပ်ရတာ အရမ်းခက်တယ်၊ အချိန် လည်း အများကြီးကုန်တယ်၊ ပြီးတော့လုပ်နည်းကလည်း လျှို့ဝှက်တယ်၊ တကယ်လက်ရာစွမ်းတဲ့ စားဖိုမှူးတွေပဲ လုပ်တတ်တာ။

15 Maike : တကယ်လား၊ ဒီမှာလည်း အရမ်းဈေးကြီးတာလား။

16 Xiaoming : ဈေးမကြီးဘူး၊ . .အခု သာမာန်လူလတ်တန်းစားတွေလည်း ပဲဝါကိတ်ကို လုပ်စားနိုင်နေပြီ၊ ငါမင်းကိုဝယ်ကျွေးမယ်။

17 Maike : ဒါပေမဲ့ Xiaoming ပဲဝါကီတ်က စားလို့ကောင်းလား၊ ပဲပီစပ်ရည်အရသာနဲ့ တူ
တယ်ဆိုရင်တော့ ငါမကြိုက်ဘူး။
18 Xiaoming : ကောင်းမကောင်း မင်းစားကြည့်ရင် သိလိမ့်မယ်မဟုတ်ဘူးလား၊ တဆိတ်
လောက်ပါ၊ ပဲဝါကီတ် ၃ခုလောက်ယူလာပေးပါ။
19 Maike : အရမ်းစားကောင်းတာပဲ။
20 Lanlan : အမလေး၊ ပဲဝါကီတ်တွေ ဒီလောက်များတာ မင်း တစ်ယောက်တည်း အကုန်
စားလိုက်တာပေါ့။
21 Maike : မဟုတ်ဘူး၊မဟုတ်ဘူး၊ ငါနဲ့ Xiaoming နှစ်ယောက်စားလိုက်တာ။
22 Xiaoming : မင်း..ကောင်းပြီလေ၊ ငါမင်းအတွက်ထပ်ဝယ်ပေးမယ်၊ မင်းဘယ်နှစ်ခုစားမှာလဲ။
23 Maike : ဟားဟား . . .

C ဝေါဟာရ

01 မိုက်ပြည့်သည်
02 ဒါပေါ့
03 ဘယ်မှာလဲ
04 စားကုန်သည်
05 ရပါတယ်
06 ကတည်းက
07 အမျိုးအစား
08 မင်းသိလိမ့်မယ်
09 ကူညီသည်
10 အစာခြေသည်
11 ဝါဝါလေး
12 ပဲဝါကီတ်
13 သေချာသည်
14 ပဲစေ့
15 တော်သော
16 ခန့်မှန်းရတာ
လွယ်ကူသည်
17 အထင်သေးသည်
18 အရင်က
19 ရှင်ဘုရင်
20 သာလျှင်
21 စားနိုင်သည်
22 ပြုလုပ်သည်
23 အရမ်း
24 ဒုက္ခပေးတယ်
25 ကုန်သည်
26 ကြာသည်
27 အချိန်
28 ပြီးတော့
29 နည်းလမ်း
30 လျှို့ဝှက်သည်
31 စားဖိုမှူး
32 လူလတ်တန်းစား
33 စား/တတ်နိုင်သည်
34 ဝယ်ကျွေးသည်
35 …နဲ့ တူသည်
36 မဟုတ်ဘူးလား
37 ယူလာသည်
38 အမလေး
39 အားဖြင့်
40 အကုန်စားလိုက်သည်
41 ရတယ်၊ ကောင်းပြီ

D မေးခွန်း

ဝေါဟာရ : 01 စားဖိုမှူး 02 လျှို့ဝှက်သည် 03 နည်းလမ်း

သင်ခန်းစာ(၄၂) : ဦးလေးဖုန်းခေါ်ခြင်း

A/B စာသား

01 Xiaoming : ဟယ်လို. . Lanlan နောက်ဆုံးတော့ နင်ဖုန်းခေါ်လာပြီပေါ့၊ ငါနင့်ကိုစောင့် နေတာ. . ဘာ၊ ကျွန်တော်က Xiaomingပါ၊ တဆိတ်လောက် ဘယ်သူ့ကို ရှာ တာလဲ၊ အိုး တကယ်တော့ ဦးလေးလား။ ကျွန်တော်က ကျွန်တော့်အတန်း ဖော်ရဲ့ ဖုန်းကို စောင့်နေတာ၊ အဖေနဲ့ပြောချင်လား၊ အဖေအခုအိမ်မှာမရှိ ဘူး၊ အမေတော့ရှိတယ်၊ ဟုတ်ကဲ့ခဏစောင့်အုံး၊ အမေ ဦးလေးက ရှန် ဟိုင်းကနေ အဝေးဖုန်းခေါ်နေတယ်။

02 Xiaoming အမေ : ဟယ်လို Wang Nan နေကောင်းလား၊ ငါတို့မတွေ့တာ အတော်ကြာနေပြီ၊ မင်းတို့အခုတလော အဆင်ပြေလား။

03 Wang Nan : ကျွန်တော်တို့အားလုံးကောင်းပါတယ်၊ ကျေးဇူးပါ။ မရီး မင်းနဲ့အစ်ကို ရော နေကောင်းလား။အခုတလော အလုပ်ရှုပ်နေလား။

04 Xiaoming အမေ:အခုတလောမဆိုးပါဘူး၊ အလုပ်မရှုပ်ဘူး။ ဘာ..မင်းပေကျင်းကိုလာမယ်၊ကောင်းတာပေါ့။

05 Wang Nan : ဟုတ်တယ်၊ နောက်အပတ်ပေကျင်းမှာ အစည်းအဝေးရှိတယ်၊ အတော်ပဲ ကျွန်တော် နှစ်စဥ်ရတဲ့ အားလပ်ရက်တစ်ပတ်ကျန်သေးတယ်၊ရောက်တဲ့ အချိန်ကြရင် ငါတို့ဆွေးနွေးကြတာပေါ့၊ ငါတို့မတွေ့တာ တစ်နှစ်ကျော် လောက်ရှိပြီ၊ ငါမင်းတို့အားလုံးကိုလွမ်းနေတာ။

06 Xiaoming အမေ : ငါတို့လဲ မင်းတို့တစ်မိသားစုလုံးကို သတိရနေတာပါ၊ အချိန်မရွေးအိမ် မှာဧည့်သည်လာလုပ်ဖို့ ဖိတ်ခေါ်ပါတယ်။ Xiaoming လည်း ချက်ပြုတ် နည်းလေ့လာထားတယ်၊သူ ပိုင်နိုင်တဲ့ အထူးဟင်းနှစ်မျိုးကြော်ကျွေး ခိုင်းမယ်။

07 Wang Nan : ဝိုး . . Xiaoming တောင်အရွယ်ရောက်လာပြီပဲ၊ ဒါပေမဲ့ အိမ်မှာ စားရင် မင်းတို့အတွက် ဒုက္ခရောက်နေအုံးမယ်။

08 Xiaoming အမေ : ရတယ်၊ နင်အားနာမနေနဲ့ မင်းအိမ်ရောက်တဲ့အချိန်မှ ငါတို့ပြောကြ တာပေါ့၊ ငါတို့ အိမ်မှာပဲ စားမလား၊ အပြင်က စားသောက်ဆိုင်မှာ စား စားမလားဆိုတာ။

09 Xiaoming : အမေ ကျွန်တော်လည်း ဦးလေးနဲ့စကားပြောအုံးမယ်။

10 Xiaoming အမေ : Wang Nan ဖုန်းမချနဲ့အုံး၊ Xiaomingက မင်းနဲ့စကားပြောချင်လို့တဲ့။

11 Xiaoming : ဦးလေး ပေကျင်းကိုမြန်မြန်လာခဲ့တော့၊ ကျွန်တော်ဦးလေးကို အရမ်း လွမ်းနေပြီ။

12 Wang Nan : ဦးလေးလည်း မင်းကို လွမ်းတာပဲ၊ အစည်းဝေးပြီးပြီးချင်းမင်းတို့ဆီလာ ခဲ့မယ်။

13 Xiaoming : ကောင်းပြီ ဦးလေး၊ သေချာတယ်နော်။

14 Wang Nan : ဒါနဲ့ Xiaoming ဘာလက်ဆောင်ကြိုက်လဲ။

15 Xiaoming : ဦးလေး၊ ကျွန်တော် ဘာလက်ဆောင်မှ မလိုချင်ဘူး၊ ဦးလေး ပေကျင်းကို မြန်မြန်လာတာပဲ မျှော်လင့်တယ်။ ကျွန်တော့်သူငယ်ချင်းအသစ် Maike နဲ့မိတ်ဆက်ပေးမယ်။

16 Wang Nan : ဟား. . ဟား ကောင်းပြီ၊ ပေကျင်းမှာတွေ့မယ်။
17 Xiaoming : ဦးလေး နောက်မှတွေ့မယ်။

C ဝေါဟာရ

01 ဟယ်လို	16 အတော်ပဲ	31 ဒါပေမဲ့
02 နောက်ဆုံးတော့	17 နှစ်စဉ်အားလပ်ရက်	32 ဒုက္ခပေးသည်
03 ဖုန်း	18 ပြောသည်(စုဝေး)	33 ဆွေးနွေးသည်
04 စောင့်သည်	19 တစ်နှစ်	34 …မလား…မလား
05 ရှာသည်	20 တွေ့ဆုံ	35 အမြန်ရောက်ချင်သည်
06 တကယ်တော့	21 တစ်မိသားစုလုံး	36 အရမ်း
07 ဦးလေး	22 ကြိုဆိုပါတယ်	37 လွမ်းသည်
08 အခု	23 အချိန်မရွေး	38 အစည်းအဝေးပြီးသည်
09 ခဏစောင့်ပါ	24 ညှိသည်လုပ်သည်	39 ချက်ချင်း
10 နေရာအမည်	25 ခွင့်ပြုသည်	40 သေချာသည်
11 အဝေးဖုန်းခေါ်ဆိုမှု	26 ကြော်သည်	41 လက်ဆောင်
12 လူအမည်	27 ကျွမ်းကျင်သည်	42 ဘာဖြစ်ဖြစ်
13 မတွေ့ရတာ ကြာပြီ	28 ဟင်း	43 မျှော်လင့်သည်
14 နောက်တစ်ပတ်	29 မြည်းကြည့်သည်	44 ba (SOV)
15 ရှိသည်(ဖွင့်သည်)	30 အရွယ်ရောက်သည်	45 မိတ်ဆက်သည်

D မေးခွန်း
ဝေါဟာရ ： ချဲ့ကားခြင်း

သင်ခန်းစာ (၄၃) : ဧည့်သည်မှ ပြန်လည်ဧည့်ခံခြင်း

A/B စာသား

01 Xiaoming : ဦးလေးလာပြီဆိုတာသေချာတယ်၊ အိုင်းယား . . ဦးလေး၊ ကြိုဆိုပါတယ် ၊ ကျွန်တော်ဦးလေးကို အရမ်းလွမ်းနေတာ။

02 ဦးလေး : Xiaoming. . မင်းအရွယ်ရောက်လာပြီ၊ ဦးလေးမင်းကို သိပ်မမှတ်မိလုနီးပါးပဲ။

03 အမေ : Wang Nan . . ဝင်လာလေ၊ မင်းခရီးပင်ပန်းလာမှာပဲ၊ Xiaoming အ မြန်လာပြီး မင်းဦးလေး ရဲ့ခရီးဆောင်အိတ်ကို အထဲကို သယ်လာလိုက်အုံး၊ ကြီးနေပြီကလေးလိုလုပ်နေသေးတယ်။

04 ဦးလေး : ဟားဟား . . ရပါတယ်၊ကျွန်တော်ကိုယ်တိုင် လုပ်လိုက်မယ်။ မရှိး . .အစ်ကို ဘယ်မှာလဲ။

05 အမေ : မင်းအစ်ကိုက မင်းကို ဂိတ်ပေါက်နားမှာ စောင့်နေတာ၊ မင်းတို့တစ် ယောက်နဲ့တစ်ယောက် လွဲ သွားတာနေမှာ၊ ငါအခုသူ့ ကို ဖုန်းခေါ်လိုက်မယ်။

06 Xiaoming : ဦးလေး ကျွန်တော်ရဲ့အကောင်းဆုံးသူငယ်ချင်း Maike နဲ့ မိတ်ဆက်ပေး မယ်၊ သူက အ မေရိကန်နိုင်ငံသား ပြီးတော့ အခု ကျွန်တော့်အိမ်မှာနေတာ။

07 Maike : ဦးလေး မင်္ဂလာပါ၊ တွေ့ရတာဝမ်းသာပါတယ်။

08 ဦးလေး : Maike မင်္ဂလာပါ၊ မင်းက တရုတ်လိုကောင်းကောင်းပြောတတ်တာပဲ။

09 Maike : အဲလောက်လဲမဟုတ်သေးပါဘူး။

10 အဖေ : Wang Nan ငါဘာလို့ မင်းကို မတွေ့လိုက်တာလဲ။

11 ဦးလေး : အစ်ကို ကျွန်တော်တက္ကစီငှားပြီး တိုက်ရိုက်လာလိုက်တာ။

12 အဖေ : အဲဒါကြောင့်ကိုး။

13 အမေ : Wang Nan စကားပဲပြောမနေနဲ့ လက်ဖက်ရည်လည်း သောက်အုံး။

14 ဦးလေး : ကောင်းပြီ၊ ကျေးဇူးတင်ပါတယ်။

15 Xiaoming : အမေ အောက်မှာ ရှန်ဟိုင်းစားသောက်ဆိုင်အသစ်ဖွင့်ထားတယ်၊ ဦးလေး ကို ရှန်ဟိုင်း အစားအစာစားဖို့ ခေါ်သွားးမလား။

16 အမေ : ကောင်းပြီလေ၊ ဗိုက်ဆာပြီလား Wang Nan၊အောက်ထပ်သွားစားကြရအောင်၊ မင်းတို့ ညီအစ်ကိုနှစ်ယောက်စားရင်း စကား ပြောကြတာပေါ့။

17 စာပွဲထိုး : မင်္ဂလာပါ၊ ဒါက ဟင်းမီနူးပါ၊ ဘာစားချင်ပါသလဲရှင်။

18 အမေ : Wang Nan ရှန်ဟိုင်းအစားအစာဆိုတော့ မင်းကပိုပြီးသိတယ်၊ မင်းပဲမှာလိုက်တော့။

19 ဦးလေး : ဒါဆို အားမနာတော့ဘူးနော်၊ ဂဏန်းပဲပြားချက်၊ ရွှေပဲစေ့နဲ့ အမဲသားကြော်၊ ကန်စွန်းဥမုန့် နဲ့ ပေါင်မုန့်ကြော်။

20 အဖေ : Wang Nan မင်းမှာတာမလောက်သေးဘူးလေ၊ ငါမှာမယ် ငါးချဥ်တစ်ပန်းကန်၊ ဗိုလ်စားပဲကြော်နဲ့ ဖက်ထုပ်ပေါင်း နှစ်ပန်းကန်ထပ်ပေးပါ။

21 စားပွဲထိုး : ဟုတ်ကဲ့၊ သောက်စရာဘာမှာ ချင်သေးလဲရှင်။
22 အမေ : ဝိုင်တစ်ပုလင်းရယ်၊ ရေခဲလက်ဖက်ရည်နှစ်ခွက်ပေးပါ။
23 စားပွဲထိုး : ခဏလောက်စောင့်ပေးပါရှင့်။
24 အဖေ : လာလာ . . အားလုံးကျန်းမာပါစေ၊ ချီးယား..။
25 လူတိုင်း : ချီးယား . .
26 အမေ : Wang Nan. . များများစားနော်။
27 အမေ : Wang Nan၊ Maike စားပြီးကြပြီးပြီလား။
28 ဦးလေး: စားပြီးပြီ။
29 Maike : အရမ်းစားကောင်းတာပဲ။
30 အမေ : သွားရအောင်၊ စားပွဲထိုး ဘေရှင်းမယ်၊ ပိုတာလေးတွေ ထုပ်ပေးပါနော်။

C ဝေါဟာရ

01 သေချာသော
02 ကြိုဆိုသည်
03 အရမ်းလွမ်းတယ်
04 ထပ်ပြီး
05 အရွယ်ရောက်လာပြီ
06 လုနီးပါး
07 မမှတ်မိတော့ဘူး
08 အရမ်းပင်ပန်းတယ်
09 ba (SOV)
10 ခရီးဆောင်အိတ်
11 ယူဆောင်လာသည်
12 နဲ့ တူတယ်
13 ကလေး
14 မရီး
15 ခြံဝင်း
16 ဂိတ်ပေါက်
17 လမ်းလွှဲသည်
18 ခုချက်ချင်း
19 မိတ်ဆက်သည်
20 သိပ်မဟုတ်သေးပါဘူး
21 ခုနလေးတင်
22 စီးသည်
23 တက္ကစီ
24 တိုက်ရိုက်
25 ဝင်လာသည်
26 အဲတာကြောင့်ကိုး
27 …မနေနဲ့
28 အောက်ထပ်
29 ဖွင့်သည်
30 ဆိုင်(စကားလုံးတိုင်းတာ)
31 စားသောက်ဆိုင်
32 ဖိတ်သည်
33 ဆာသည်
34 …ရင်း…
35 စားပွဲထိုး
36 မီနူး
37 ပိုပြီး
38 ဟင်းမှာသည်
39 ဂဏန်းပဲပြားချက်
40 ရွှေပဲစေ့နဲ့ အမဲသားကြော်
41 ကန်စွန်းဥမုန့်
42 ပေါင်မုန့်လုံးကြော်
43 မလောက်ဘူး
44 ထပ်ပေါင်းသည်
45 တစ်ပန်းကန်
46 ငါးချဉ်
47 ဗိုလ်စားပဲကြော်
48 သယ်ဆောင်(တိုင်းတာစကားလုံး)
49 ထူးခြားသော
50 ဖက်ထုပ်ပေါင်း
51 သောက်စရာ
52 ဗူး
53 ဘူး
54 ဝိုင်
55 ရေခဲလက်ဖက်ရည်
56 ကျန်းမာရေးကောင်းပါစေ
57 ချီးယား
58 ဘေရှင်းသည်
59 ထုပ်သည်

D မေးခွန်း

ဝေါဟာရ : 01 ပြောရမယ်ဆိုရင်တော့ 02 နှင့်တူသည် 03 အစားအသောက် 04 ထပ်ထည့်သည်

သင်ခန်းစာ(၄၄) : ပစ္စည်းပျောက်ဆုံးခြင်း

A/B စာသား

01 Xiaoming : ဦးလေး ဒီနေ့ကျွန်တော်အရမ်းပျော်တယ်၊ ဓာတ်ပုံကောင်းတွေအများကြီး ရိုက်ခဲ့ တယ်။

02 ဦးလေး : ဒါပေါ့၊ Xiaoming မင်းကျောင်းအားလပ်ရပ်နေ့ကျရင်ဓာတ်ပုံရိုက်ဖို့ Zhouzhuang ကို ဦးလေးခေါ်သွားမယ်။

03 Xiaoxing : အရမ်းကောင်းတာပဲ၊ Zhouzhuang မှာ နာမည်ကြီးတဲ့ " ရေမြို့တော်" ကို ကျွန်တော် သွားချင်နေတာကြာပြီ၊ အားလပ်ရက်ရောက်ဖို့ ဘယ်နှစ်ရက်လို သေးလဲဆိုတာ ကျွန်တော်တွက်ထားရမယ်။ ကျွန်တော်မစောင့်နိုင်တော့ဘူး။

04 ဦးလေး : ဟားဟား . . မင်းရဲ့စိတ်မရှည်ပုံကို ကြည့်ပါအုံး၊ ငါလည်း မကြာခဏ ဓာတ်ပုံ ရိုက်တာ ကြိုက်တယ်၊ အရင်ကရိုက်ထားတာတွေ ကင်မရာထဲမှာရှိသေးတယ်၊ အိုင်းယား. . Xiaoming၊ သွားပါပြီ၊ ကင်မရာမရှိတော့ဘူး။

05 Xiaoming : ဦးလေးစိတ်မပူပါနဲ့၊ ကျွန်တော်ဆီမှာ ရှိမရှိကြည့်ပေးမယ်၊ ကျွန်တော့်အိတ် ထဲ ကျွန်တော့်ကင်မရာတစ်လုံးတည်းရှိ တယ်၊ ကျွန်တော်မှတ်မိတာတော့ ကျွန်တော်တို့ ထမင်းစားတုန်းကကင်မရာကိုတွေ့လိုက်သေးတယ်။

06 ဦးလေး : ဟုတ်တယ်၊ အိုး..ငါကင်မရာကို တက္ကစီထဲမေ့ကျန်ခဲ့တာဖြစ်လိမ့်မယ်။

07 Xiaoming : ဟုတ်တယ်။ ကျွန်တော်သတိရပြီ၊ ဦးလေးပိုက်ဆံရှင်းတုန်းက ကင်မရာကို ဘေးက ထိုင်ခုံပေါ်မှာ ချထားတယ်မလား။

08 ဦးလေး : အိုး . .ဟုတ်လောက်တယ်၊ သွားပါပြီ၊ ငါ့ကင်မရာထဲမှာ ဒီတစ်ခေါက် ပေကျင်း ဆွေးနွေးပွဲ ဓာတ်ပုံတွေ ပါတယ်။

09 Xiaoming : ဦးလေး တက္ကစီက ငွေဖြတ်ပိုင်းကို ယူသေးလား။

10 ဦးလေး : ယူခဲ့တယ်၊ ငါနမော်နမဲ့နိုင်တဲ့သူပဲ၊ ငါတက္ကစီ ကုမ္ပဏီကို ဖုန်းမြန်မြန်ဆက်လိုက်မယ်။

11 Xiaoming : ဟုတ်တယ်၊ တက္ကစီဆရာက သိမ်းထားလောက်တယ်။

12 ဦးလေး : ဟယ်လို . . အရှေ့ပိုင်းတက္ကစီကုမ္ပဏီကလား၊ ခုနတုန်းကကျွန်တော် ခင်ဗျားတို့ရဲ့တက္ကစီတစ်စီးပေါ်မှာ ကင်မရာကျန်ခဲ့လို့ပါ၊ ကားနံပါတ်က ၅၆၇၈ ပါ၊ ကျွန်တော့်နာမည်က Wang Nanပါ၊ ကျွန်တော်ဖုန်းနံပါတ်က ၁၃၅၆၆၆၇၈၉၀ ပါ၊ ကျေးဇူးတင် ပါတယ်။

13 ဦးလေး : ဟယ်လို၊ ကျွန်တော်က Wang Nanပါ၊ အရမ်းကောင်းတာပဲ၊ မင်းတို့ကိုကျေးဇူးတင်ပါတယ်၊ ကျွန်တော်အစား တက္ကစီသမား ကို ကျေးဇူးတင်ပါတယ်လို့ပြောပေးပါ။

14 Xiaoming : ကင်မရာတွေ့ပြီလား။

15 ဦးလေး : ဟားဟား..တွေ့ပြီ၊ ငါတို့အချိန်မဖြုန်းပဲနဲ့ကားခေါ် ပြီးတက္ကစီကုမ္ပဏီကို ကင်မရာသွားယူကြရအောင်။

16 Xiaoming : ဟုတ်ကဲ့၊ မြန်မြန်သွားကြရအောင်။

C ဝေါဟာရ

01 ပျောက်သည်
02 ရိုက်သည်(ဓာတ်ပုံ)
03 ဒီလောက်တောင်များတယ်
04 ဓာတ်ပုံ
05 ဒါပေါ့
06 အားလပ်ရက်
07 နေရာအမည်
08 နာမည်ကြီးသော
09 ရေမြို့တော်
10 ရေတွက်သည်
11 မစောင့်နိုင်တော့ဘူး
12 ကြည့်သည်
13 စိတ်ပူသော
14 စိတ်
15 မကြာခဏ
16 အရမ်း
17 ဓာတ်ပုံရိုက်သည်
18 အရင်က
19 လက်ရာ
20 သွားပါပြီ
21 ကင်မရာ
22 ရှာမတွေ့တော့ဘူး
23 စိတ်မပူပါနဲ့
24 လွယ်အိတ်
25 မှတ်မိသည်
26 ခုနတုန်းက
27 ထင်သည်
28 ba (SOV)
29 မေ့ကျန်ခဲ့သည်
30 တက္ကစီ
31 မှတ်မိပြီ
32 ပိုက်ဆံရှင်းသည်
33 …ပေါ်မှာ တင်ထားသည်
34 ဘေးမှာ
35 ထိုင်ခုံ
36 သွားပါပြီ!!
37 ဆွေးနွေးပွဲ
38 ယူဆောင်သည်
39 ငွေဖြတ်ပိုင်း
40 နမော်နမဲ့
41 သင့်သည်
42 မြန်မြန်
43 ကုမ္ပဏီ
44 ဖြစ်နိုင်တယ်
45 ကားဆရာ
46 ပြီးပြီ
47 သိမ်းထားသည်
48 ရှာတွေ့သည်
49 အရှေ့ပိုင်း
50 အချိန်မဖြုန်းပဲ
51 ကားငှားသည်
52 ယူသည်

D မေးခွန်း

ဝေါဟာရ ： 01 把 SOV 02a ဆင်းရန် 2b မေ့ကျန်ခဲ့သည် 03 ရှာတွေ့သည်

သင်ခန်းစာ(၄၅)- ရှေးဟောင်းဈေး (အပိုင်း၁)

A/B စာသား

01 ဦးလေး : မရီး ဒီနေရာလူအရမ်းစည်ကားတယ်၊ ဒီနှစ်နှစ်အတွင်း ရှေးဟောင်းဈေးမှာ ပို ပိုပြီးရေပန်းစားလာတယ်။

02 Li Hong : ဒါပေါ့။ ဒီနေရာက ပေကျင်းရဲ့ အကြီးဆုံးရှေးဟောင်းဈေးပဲ၊အထူးသဖြင့် စနေ၊တနင်္ဂနွေနေ့ ရောက်ရင် ဒီနေရာကို လူပင်လယ်(လူများ)လို့တောင် ပြော လို့ရတယ်။

03 ဦးလေး : အိုင်းယား ကျွန်တော်မစောင့်နိုင်တော့ဘူး၊ ဒီနေရာကနေလျှောက်ကြည့်ကြ ရအောင်။

04 Li Hong : Wang Nan နင်ဘယ်တုန်းကစပြီး ရှေးကျတာတွေကြိုက်တတ်လာတာလဲ၊ အ ရင်က မင်း ဓာတ်ပုံရိုက်တာပဲ ကြိုက်တာ ငါသိထားတာ။

05 ဦးလေး : အခုတလော ကျွန်တော်ရှေးဟောင်းနဲ့ ပတ်သက်တဲ့ စာအုပ်တွေအများကြီး ဖတ်တယ်၊ ဒီမှာ ဗဟုသုတတွေအများကြီးရှိမယ်ထင်တယ်။

06 Li Hong : ဒါဆို ငါတို့နေရာမှန်ကို ရောက်လာတာပဲ။ ဒီမှာ Ming မင်းဆက်၊ Qing မင်းဆက်တုန်းက ပစ္စည်းအစစ်တွေရှိတယ်လို့ ငါကြားထားတယ်။

07 ဦးလေး : တကယ်လား၊ ဒါပေမဲ့ ကောင်းကောင်းကြည့်တတ်ဖို့တော့ လိုမယ်၊ ကျွန်တော် ဒီလုပ်ငန်းခွင် ထဲဝင်တာမကြာသေးတော့ အမြင်သိပ်မကောင်းဘူး။

08 Li Hong : ဒါဆို အခုခေတ် ပစ္စည်းတွေဝယ်လည်း ရပါတယ်၊ နိုင်ငံခြားသားတွေ တော်တော်များများက သူတို့ သူငယ်ချင်းတွေ အတွက် အမှတ်တရ လက်ဆောင်ဝယ်ဖို့ ဒီကို လာကြတယ်၊ ဒါနဲ့ Wang Nan မင်းကို သတိတစ်ခုပေး ရ အုံးမယ်။

09 ဦးလေး : ဘာကို သတိပေးမှာလဲ. . . ဈေးဆစ်ဖို့လား။

10 Li Hong : မင်းဘယ်လိုခန့်မှန်းမိတာလဲ။ ယေဘုယျအားဖြင့် သူတို့တင်ထားတဲ့ဈေးတွေက မြင့်တယ်၊ မင်းအနည်းဆုံး ဈေးတစ်ဝက်ဆစ် သင့်တယ်၊ ပြီးတော့ မင်း အကြိုက်တွေ့ရင်တောင်မှ လုံး ဝမဖော်ပြနဲ့၊ ရောင်းသူတွေက အရမ်းပါးနပ်တယ်။ မင်းအကြိုက်ကို သူတို့ သိရင် ပိုပြီးဈေး တင်တယ်၊ ပြီးတော့ ဒီမှာ ပစ္စည်းအတုတွေလည်း မနည်းဘူး။

11 ဦးလေး : ဟုတ်ပါပြီ မရီး၊ စိတ်ချပါ။ ကျွန်တော်အရင်ကလည်း ဒီလို ရှေးဟောင်းဈေးထဲမကြာခဏ လျှောက်ကြည့်ဖူးပါတယ်၊ ပြီး တော့ ကျွန်တော်ရှေးဟောင်းနဲ့ ပတ်သက်တဲ့ စာအုပ်တွေလည်း အများကြီး ဖတ်ထားတယ်။

12 Li Hong: ဟား . . ဟား . . ကောင်းပါပြီ။

C ဝေါဟာရ

01 စည်ကားသည်
02 ရှေးဟောင်း
03 ဈေး
04 ပိုပိုပြီး
05 ရေပန်းစားသည်(မီး)
06 ဒါပေါ့
07 ရှေးဟောင်းဈေး
08 အထူးသဖြင့်
09 လူပင်လယ်(လူများ)
10 မစောင့်နိုင်တော့ဘူး
11 ဒီဘက်
12 စတင်သည်
13 လှည့်လည်သည်
14 ထပ်ပြီး
15 အရင်က
16 ဓာတ်ပုံရိုက်သည်
17 အခုတလော
18 အများကြီး
19 ပတ်သက်သည်
20 လိုအပ်သည်
21 အထဲ
22 ဗဟုသုတ
23 ကြီးသည်(များသည်)
24 လာတာမှန်သည်
25 ကြားရတာကတော့
26 Ming Qing မင်းဆက်
27 ပစ္စည်းအစစ်
28 ဟုတ်လား
29 ခုမှ
30 လုပ်ငန်းခွင်ထဲဝင်သည်
31 မကြာ
32 အမြင်
33 မရဘူး
34 အခုခေတ်
35 အတုခိုးထားသောပစ္စည်း
36 နိုင်ငံခြားသား
37 အမှတ်တရပစ္စည်း
38 ကိစ္စတစ်ခု
39 သတိပေးသည်
40 ဈေးဆစ်သည်
41 ခန့်မှန်းသည်
42 ရောင်းဈေး
43 ယေဘုယျအားဖြင့်
44 အရမ်း
45 အနည်းဆုံး
46 သင့်သည်
47 အရ
48 တစ်ဝက်
49 တောင်မှ
50 အကြိုက်တွေ့သည်
51 လုံးဝ
52 ဖော်ပြသည်
53 ရောင်းသူ
54 ပါးနပ်သည်
55 သိသည်
56 ဈေးတင်သည်
57 အတု
58 မရှိး
59 မကြာခဏ
60 ပြီးတော့

D မေးခွန်း

ဝေါဟာရ ： 01 လုပ်သင့်တယ် 02 အဖွင့်ဈေး 03 ဈေးဆစ်သည်
04 စစ်မှန်သောထုတ်ကုန် 05 ထုတ်ကုန်အတု

သင်ခန်းစာ (၄၆) : ရှေးဟောင်းဈေး (အပိုင်း၂)

A/B စာသား

01 ဦးလေး : မရိုး ဒီပန်းကန်က သိပ်မဆိုးဘူး၊ အရောင်ကတော့ မကောင်းဘူး။

02 ရောင်းသူ : မင်းပြောတာ ကြားပြီး မင်းက ကျွမ်းကျင်သူမဟုတ်ဘူးဆိုတာသိတယ်၊ ဒီပန်းကန်ပြားက Ming မင်းဆက် Chao မင်းဆက်တုန်းကပစ္စည်း၊ မင်းပြောကြည့် Ming မင်းဆက် Chao မင်းဆက်ခေတ်က ပန်းကန်ပြားကအခုထိလက်ဆင့်ကမ်းလာတာ အရောင် တောက်သေးမလား။ အဲလိုအရောင်တောက်နေတဲ့ ပန်းကန်ပြားက ပုံတူလုပ်ထားတာ၊ ဒီပန်းကန်ပြားက ငါ့အဖိုးအဘွားတွေ လက်ထက် ကတည်းက နှစ် ၃၀၀ ကျော်သမိုင်းရှိပြီလို့ ပြောတယ်။

03 Lihong: : လက်ရာကတော့ ကြမ်းတယ်။

04 ရောင်းသူ : ဒါကတော့ အရပ်သားမီးဖို၊ အရပ်သားအနုပညာရှင်တွေ လုပ်ထားတာ။ ယေဘုယျအားဖြင့် အင်ပါယာမီးဖိုက ပိုပြီးစေ့စပ်သေချာတယ်၊ ဒါပေမဲ့ ဈေး ကြီးလွန်းလို့ ငါတို့သာမန်လူတန်းစားတွေ မဝယ်နိုင်ဘူး။

05 ဦးလေး : သူဌေး ဒီပန်းကန်က ဘယ်လိုရောင်းတာလဲ။

06 ရောင်းသူ : ဒါက…သာမန်လူဆိုရင် ငါးထောင်ရောင်းတယ်၊ မင်းက ဒီပိုင်းမှာ ဗဟုသုတရှိ တဲ့သူလို့ ထင်လို့၊ ဒီလိုလုပ် မင်းလည်းဈေးမဆစ်တော့နဲ့ သုံးထောင်။ ငါမင်း ကို မိတ်ဖွဲ့တယ်။

07 ဦးလေး : သုံးထောင်။

08 Lihong: : သွားစို့ သွားစို့။ ငါတို့ အရှေ့ဘက်နားသွားကြည့်ရအောင်။

09 ရောင်းသူ : မိတ်ဆွေ. . မင်းဒါကို တကယ်ဝယ်ချင်လား။

10 ဦးလေး : တကယ်ဝယ်ချင်တာပေါ့။

11 ရောင်းသူ : သုံးထောင်က ဈေးကြီးတယ်လို့ ထင်ရင် မင်းဈေးတစ်ခုပြောလိုက်။

12 ဦးလေး : သူဌေး၊ ကျွန်တော်က အတွေ့အကြုံမရှိတဲ့ လူသစ်လည်း မဟုတ်ဘူး။ ကျွန်တော်တို့မညာမတာပဲ ပြောရအောင်၊ ဒီပစ္စည်းက ရှေးဟောင်းပစ္စည်း မဟုတ်ဘူး။ ဒါပေမဲ့ ပုံတူလုပ်ထားတာမဆိုးဘူး။ ကျွန်တော့်အမြင်အရတော့ ဒါက ခေတ်မီတဲ့ အတုခိုးပစ္စည်းပဲ၊ ယွမ်ငါးရာဆိုရင် ဝယ်မယ်။

13 ရောင်းသူ : ယွမ် ငါးရာဆိုရင်တော့ မရောင်းနိုင်ဘူး။

14 ဦးလေး : ရပါတယ်၊ ကျွန်တော်တို့ လျှောက်ကြည့်လိုက်အုံးမယ်။

15 ရောင်းသူ : မိတ်ဆွေ ပြန်လာခဲ့ပါ၊ တစ်နေကုန် ဈေးဦးမပေါက်သေးဘူး။ငါးရာတစ်ခု
ယူသွားလိုက်။

16 Lihong: : ကံကောင်းလို့ မင်းက ကျွမ်းကျင်သူပေါ့၊ မဟုတ်ရင် အလိမ်ခံရမှာ။

17 ဦးလေး : ရှေးဟောင်းဈေးမှာ ဈေးဝယ်ရတာ အန္တရာယ်များတယ်၊ ပစ္စည်းကို ဈေး
ကြီးနဲ့ ပေးဝယ်ရင်တောင် လှည့်စားခံရတယ်လို့ မခေါ်ဘူး၊ ဗန်းစကားဆိုရင်
မျက်စိလျှမ်းတယ်လို့ခေါ်တယ်။

18 Lihong: : ရှေးဟောင်းပစ္စည်းစီးပွားရေးလိုင်းတွေက စည်းမျဉ်းတွေအများကြီးရှိတယ်
ဆိုတာ ငါမထင်ထားဘူး။

19 ဦးလေး : ဟုတ်တယ်၊ မရီး ကျွန်တော်တို့ဟိုပန်းအိုးလေးသွားကြည့်ရအောင်။

20 Lihong: : ကောင်းပြီ၊ကောင်းပြီ။

C ဝေါဟာရ

01 မရိုး
02 ပန်းကန်
03 အရောင်
04 ..တာနဲ့..
05 မကျွမ်းကျင်သော
06 Ming| Chao မင်းဆက်
07 လက်ဆင့်ကမ်းသည်
08 အရမ်း
09 တောက်ပသော
10 ပုံတူလုပ်ထားသောပစ္စည်း
11 ဘိုးဘေးဘီဘင်
12 လက်ဆင့်ကမ်းသည်
13 ၎င်းကပြောတယ်
14 သမိုင်း
15 ကြမ်းတမ်းသော
16 အရပ်သားမီးဖို
17 အရပ်သား
18 အနုပညာရှင်
19 အင်ပါယာအနုပညာရှင်
20 ယေဘုယျအားဖြင့်
21 ပိုပြီး
22 စေ့စပ်သေချာတယ်
23 ဈေးနှုန်း
24 သာမန်လူတန်းစား
25 မဝယ်နိုင်ဘူး
26 ရောင်းဈေး
27 ဈေးဆစ်သည်
28 မိတ်ဖွဲ့သည်
29 တကယ်ဝယ်ချင်သည်
30 ဒါပေါ့
31 မကြိုက်ဘူး
32 ဈေးတစ်ခုပြောပါ
33 လူသစ်
34 မညာမတာပြောရအောင်
35 ရှေးဟောင်း
36 ပစ္စည်း
37 ကျွန်တော့်အမြင်အရတော့
38 အများဆုံး
39 ခေတ်မီ
40 မရောင်းနိုင်ဘူး
41 ကိစ္စမရှိဘူး
42 လှည့်ပတ်ကြည့်သည်
43 တစ်နေ့ကုန်
44 ဈေးဦးမပေါက်သေးဘူး
45 ကံကောင်းစွာ
46 ကျွမ်းကျင်သူ
47 မဟုတ်ရင်
48 အလိမ်ခံရသည်
49 အန္တရာယ်
50 ရင်တောင်မှ
51 ဇန်းစကား
52 မျက်စိလျှမ်းသည်
53 မထင်ထားဘူး
54 စီးပွားရေးလိုင်း
55 စည်းမျဥ်း
56 ပန်းအိုး

D မေးခွန်း

ဝေါဟာရ ႏ ဆင်ခြေ

သင်ခန်းစာ (၄၇) : လက်မှတ်ဖြတ်ခြင်း

A/B စာသား

01 Xiaoming : ဦးလေး ဒီပုံရိုက်ထားတာ ကောင်းလားမကောင်းဘူးလား။

02 ဦးလေး : မဆိုးပါဘူး။

03 Xiaoming : ဦးလေးရဲ့ အကျိုးကြောင့် ဓာတ်ပုံရိုက်တာကို ကျွန်တော်ပိုပိုပြီးစွဲလမ်းလာတယ်၊ ရိုက်တာလည်း ပိုပိုကောင်းလာတယ်။

04 ဦးလေး : ငါတို့ရဲ့ Xiaoming ကတော့ ဓာတ်ပုံပြပွဲကျင်းပနိုင်မယ်ထင်တယ်။

05 Xiaoming : တကယ်လို့ ကျွန်တော်သာ ဓာတ်ပုံပြပွဲကျင်းပနိုင်ရင်ပထမဦးဆုံး ကျေးဇူးတင်ရမည့်သူက ကျွန်တော်ရဲ့ချစ်လှစွာသောဦးလေး Wang Nan ပါပဲ။

06 ဦးလေး : ဒီကလေးကတော့ တော်တော်စကားတတ်တာပဲ။

07 Xiaoming : ဦးလေး ဒါကျွန်တော်ရဲ့ ရင်ထဲက စကားတွေနော်။

08 ဦးလေး : ဟုတ်ပါပြီ၊ မနက်ဖြန်ရှန်ဟိုင်းကို ပြန်ဖို့စောင့်လိုက်အုံး၊ မင်းကို ဓာတ်ပုံပြပွဲအတွက် နေရာအချို့ဆက်သွယ်ပေးမယ်။

09 Xiaoming : ဘာ. . ဦးလေး. . ကျွန်တော်ဟာသပြောတာပါ၊ ကျွန်တော်အဆင့်နဲ့ ဓာတ်ပုံပြပွဲကို ဘယ်လိုကျင်းပနိုင်မှာလဲ၊ ဘာလဲ... ဦးလေး မနက်ဖြန် ပြန်တော့မယ်ဟုတ်လား။

10 ဦးလေး : ဟုတ်တယ်၊ခွင့်ရက်လဲပြည့်နေပြီ၊ ရှန်ဟိုင်းပြန်ရောက်ရင်လည်း အရေးကြီးတဲ့ အစည်းအဝေးရှိ သေးတယ်။

11 Xiaoming : ဒါပေမဲ့ ဦးလေး ဘာဖြစ်လို့ ရထားလက်မှတ်မဖြတ်သေးတာလဲ။

12 ဦးလေး : အိုး . . ငါမေ့နေတာ၊ ငါ့မှတ်ဉာဏ်ကို ကြည့်ပါအုံး၊ မနေ့က လက်မှတ်ဖြတ်ဖို့စဉ်း စားနေသေးတယ်၊ ငါလက်မှတ် ဖြတ်ဖို့ သွားလိုက်အုံးမယ်။

13 Xiaoming : ဦးလေးကျွန်တော့်စောင့်အုံး၊ကျွန်တော်လဲ လိုက်မယ်။

14 Xiaoming : ဦးလေးရထားလက်မှတ်မကျန်တော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ။

15 ဦးလေး : ဒါဆိုလေယာဉ်နဲ့ပြန်ရမှာပေါ့၊ ဒါပေမဲ့ ဦးလေးက ရှန်ဟိုင်းကို ရထားစီးပြီးပြန်ချင်နေတုန်းပဲ။

16 Xiaoming : ကျွန်တော်ဆိုလည်း ရထားပဲစီးချင်တာ၊ ဈေးလည်း သက်သာတယ်၊

အဆင်လည်း ပြေတယ်၊ရထားပေါ် တစ်ညအိပ်ပြီး၊ နောက်နေ့ မနက်စောစောဆို ရောက်ပြီ။

17 ဦးလေး : ဟုတ်တယ်၊ ပေကျင်းကနေ ရှန်ဟိုင်းသွားတဲ့ ညထွက်မနက်ရောက် ရထား တွေအများကြီးပဲ၊ အရမ်းအဆင်ပြေတယ်။

18 Xiaoming : ဦးလေးကျွန်တော်တို့ရောက်ပြီ။

19 ဦးလေး : မင်္ဂလာပါ၊ မနက်ဖြန်ရှန်ဟိုင်းသွားမယ့်ရထား အထူးတန်းလက်မှတ်လိုချင်ပါ တယ်။

20 စားပွဲထိုး : ခဏလောက်စောင့်ပေးပါ၊ တောင်းပါပန်တယ်၊ အထူးအိပ်တန်းလက်မှတ် ကုန်သွားပါပြီး၊ ရိုးရိုးအိပ်တန်းလက်မှတ်ယူမလား။

21 ဦးလေး : ကောင်းပြီ။ ရိုးရိုးအိပ်တန်းလက်မှတ်ပဲယူပါမယ်။

22 Xiaoming : ကျွန်တော်တို့အရမ်းကံကောင်းတယ်လို့ ယူဆရမှာ။ ရိုးရိုးအိပ်တန်း လက်မှတ်သာမရရင် ဦးလေးတော့ ရိုးရိုးခုံနဲ့ ရှန်ဟိုင်းထိ စီးရတော့မှာပဲ။

23 ဦးလေး : ဒါပေါ့၊ ငါသာတစ်ညလုံးထိုင်လိုက်ရရင်တော့ နောက်နေ့ အစည်းအဝေးမှာ အိပ်ပျော်နေလောက်တယ်။

24 Xiaoming : ဟား . . ဟား ၊ ဟုတ်တယ်။

C ဝေါဟာရ

01 ကောင်းသော
02 ရရှိသည်...အကျိုး
03 …ကို…
04 ဓာတ်ပုံရိုက်သည်
05 ပိုပိုပြီး
06 စွဲလမ်းသည်
07 ငါထင်တယ်
08 ပြုလုပ်သည်
09 ပြပွဲ
10 တကယ်လို့ လျှင်
11 ပထမဦးဆုံး
12 ကျေးဇူးတင်သည်
13 ချစ်လှစွာသော
14 လူကြီးမင်း
15 လူငယ်၊ ကလေး
16 စကားတတ်သည်
17 ရင်ထဲကစကား
18 ဆက်သွယ်သည်
19 နေရာ
20 သာလျှင်
21 ဟာသပြောသည်
22 အဆင့်
23 ဖွင့်သည်
24 ခွင့်ရက်၊ အားလပ်ရက်
25 ပြီးဆုံးသည်
26 အရေးကြီးသော
27 အစည်းအဝေး
28 ဖြတ်သည်(လက်မှတ်)
29 မီးရထားလက်မှတ်
30 မေ့လျော့သည်
31 ကြည့်သည်
32 မှတ်ဉာဏ်
33 ကိစ္စ
34 ဘယ်လိုလုပ်မလဲ
35 …လုပ်ရမယ်
36 စီးသည်
37 လေယာဉ်ပျံ
38 နေတုန်းပဲ
39 ဆန္ဒရှိသည်/ချင်သည်
40 …လည်း…လည်း
41 ဈေးသက်သာသော
42 အဆင်ပြေသည်
43 တစ်ည
44 နောက်နေ့
45 မနက်စောစောရောက်သည်
46 …မှ…အထိ
47 ညနေမှ မနက်
48 အထူးအိပ်တန်း
49 ခဏစောင့်ပါ
50 ရိုးရိုးအိပ်တန်း
51 ယူဆသည်
52 ကံ
53 လျှင်(ရင်)
54 ရိုးရိုးတန်းခုံ
55 လျှင်(ရင်)
56 ဖြစ်နိုင်တယ်
57 အိပ်ပျော်သည်

D မေးခွန်း

ဝေါဟာရ ： 01 ဒါကြောင့် 02 ကြိုတင်မှာထားသည် 03 ဘယ်လိုမျိုး

သင်ခန်းစာ(၄၈) : နှုတ်ဆက်ခြင်း

A/B စာသား

01 Xiaoming : ဦးလေး ကျွန်တော်တို့ ဘယ်ရထားစကြိုသွားကြမလဲ။

02 ဦးလေး : ငါကြည့်လိုက်မယ်၊ သွားမယ်၊ ရထားစကြို ၂ ကို သွားရမယ်။

03 Xiaoming : ရထားစကြို ၂ ကအရှေ့မှာ၊ ဦးလေးရဲ့ခရီးဆောင်အိတ်ကျွန်တော်ကူသယ် ပေးမယ်။

04 အမေ: Wang Nan မင်းကိုကြည့်ပါအုံး၊ ရက်အနည်းငယ်ပဲ လာရသေးတယ် အလုပ်ရှုပ်လို့ ပြန်နေရပြီ။

05 ဦးလေး : မရီး ငါမင်းတို့ကို ဒုက္ခပေးတာလုံလောက်ပါပြီ၊ ကျေးဇူး အများကြီးတင်ပါတယ်။

06 အမေ : အဲလိုလုံးဝမပြောပါနဲ့ ငါတို့ကမိသားစုတွေပဲ၊ ဘာဒုက္ခပေးတာလဲ မပေးပါဘူး။

07 အဖေ: မင်းမရီး ပြောတာမှန်တယ်၊ Wang Nan နောက်တစ်ခါ ပေကျင်းကိုလာရင် ငါတို့ နဲ့အကြာကြီး နေရမယ်။

08 Xiaoming : မှန်တယ် . . နောက်တစ်ခေါက်လာရင် ကျွန်တော့်အိမ်မှာ နှစ်လလောက်နေရ မယ်၊ Xiangshan က သစ်ရွက်နီလေးတွေကို ဓာတ်ပုံရိုက်ကြမယ်။

09 အမေ : ဒီကလေးကတော့ သူ့ခေါင်းထဲမှာ ဓာတ်ပုံရိုက်ဖို့နဲ့ပြည့်နေတာ။

10 ဦးလေး : မရီး အဲလိုမပြောပါနဲ့ Xiaoming က ဓာတ်ပုံရိုက်ဖို့ အရည်အချင်းရှိတယ်။

11 Xiaoming : ဦးလေး ကျေးဇူးတင်ပါတယ်။

12 ဦးလေး : Xiaoming မင်းကျောင်းပိတ်ရင် ငါ့အိမ်လာလည်ဖို့ မင်းမိဘကို ခေါ်လာ ခိုင်းလိုက်။ ဦးလေး ရှန်ဟိုင်းမှာ ပျော်စရာကောင်းတဲ့နေရာတွေ မင်းကိုလိုက်ပြမယ်။

13 Xiaoming : တကယ်လား အရမ်းကောင်းတာပဲ၊ ရှန်ဟိုင်းမှာ ဓာတ်ပုံရိုက်ရန် နေရာကောင်းတွေရှိလား။

14 ဦးလေး : အများကြီးရှိတယ်၊ ဥပမာအားဖြင့် အရှေ့တိုင်း ပုလဲတီဗွီမျှော်စင်၊ Waitan ၊ Chenghuang ဘုရားကျောင်း၊ ဟုတ်သားပဲ ငါတို့ Zhouzhuang မှာလည်း ဓာတ်ပုံသွားရိုက်လို့ ရတယ်။

15 Xiaoming : အရမ်းကောင်းတာပဲ၊ ကျွန်တော်မစောင့်နိုင်တော့ဘူး။

16 အဖေ : ကောင်းပြီ ကောင်းပြီ၊ ရထားထွက်တော့မယ်၊ Wang Nan ရထားပေါ်တက်တော့။

17 အမေ : Wang Nan လမ်းမှာ ဂရုစိုက်အုံး၊ ဘေးကင်းသောခရီးဖြစ်ပါစေ။

18 ဦးလေး : ဟုတ်ကဲ့ အစ်ကိုနဲ့ မရီး၊ မင်းတို့ စိတ်ချပါ။

19 အဖေ : ရှန်ဟိုင်းကို ရောက်ရင် ဖုန်းဆက်အုံး။

20 ဦးလေး : ကောင်းပြီ၊ မင်းတို့လည်း ဂရုစိုက်အုံး၊ Xiaoming စာကြိုးစားနော်၊ ဦးလေး မင်းအဆင့် ကောင်းရတာ ကြားရဖို့ စောင့်နေမယ်။

21 Xiaoming : ကျွန်တော် ကျိန်းသေကြိုးစားမယ်၊ ဒါနဲ့ ဦးလေး ညလည်း အိပ်ပျော် အောင်အိပ်အုံး၊ မဟုတ်ရင် မနက်ဖြန်အိပ်ငိုက်လိမ့်မယ်။

22 ဦးလေး : ဒီကလေးကတော့။

C ဝေါဟာရ

01 သင့်သည်
02 ရထားစကြံ
03 သယ်သည်၊ ယူသည်
04 ခရီးဆောင်အိတ်
05 …သေးတယ်...ပြီ
06 ရက်အနည်းငယ်
07 အလုပ်များနေသည်
08 ပြီးပြီ
09 လိုလောက်သည်
10 ဒုက္ခ
11 အရမ်း
12 ကျေးဇူးတင်သည်
13 လုံးဝ
14 နောက်တစ်ခါ
15 သေချာပေါက်
16 နေရာအမည်(တောင်)
17 သစ်ရွက်နီ
18 ဦးနှောက်ထဲမှာ
ပြည့်နေတယ်
19 ဓာတ်ပုံရိုက်သည်
20 မပြောပါနဲ့
21 အရည်အချင်း
22 သင့်တော်သည်
23 နေရာ
24 ဥပမာအားဖြင့်
25 အရှေ့တိုင်း
ပုလဲတီဗွီမျှော်စင်
26 ပင်လယ်ကမ်းခြေစကြံ
(နေရာအမည်)
27 Chenghuang ဘုရား
ကျောင်း
28 မြို့နာမည်
29 မစောင့်နိုင်တော့ဘူး
30 ထွက်တော့မယ်
31 ရထားပေါ်တက်
32 ပေါင်းထည့်သည်
33 ဂရုစိုက်ပါ
34 ဘေးကင်းသောခရီး
35 စိတ်ချပါ
36 ဂရုစိုက်ပါ
37 လေ့လာသည်
38 အဆင့်
39 ကြိုးစားသည်
40 အိပ်သည်
41 မဟုတ်ရင်
42 လျှင်(ရင်)
43 အိပ်ငိုက်သည်

D မေးခွန်း
ဝေါဟာရ ： ဘူတာရုံ

သင်ခန်းစာ(၄၉) : ဖိတ်ကြားမှု

A/B စာသား

01 Xiaoming အမေ : Xiaoming အဖေ ဖုန်းမြန်မြန်လာကိုင်။

02 Xiaoming အဖေ : လာပြီ၊လာပြီ၊ ဟယ်လို မင်္ဂလာပါ။

03 ဦးလေး : အစ်ကို၊ ကျွန်တော်ပါ။

04 Xiaoming အဖေ : Wang Nan လား၊ မင်းအိမ်ကို လုံခြုံစွာနဲ့ရောက်လား။

05 ဦးလေး : ကျွန်တော် အစ်ကိုနဲ့မရီး စိတ်ပူနေမှာစိုးလို့ အဆင်ပြေကြောင်းဖုန်း ဆက်ပြောတာပါ။

06 Xiaoming အဖေ : ကောင်းပါပြီ၊ ကောင်းပါပြီ။

07 Xiaoming အဖေ : Wang Nan က ရှန်ဟိုင်းရောက်ပြီ။ ပြီးခဲ့တုန်းက မင်းပြောခဲ့တာငါတို့ အားလုံးကို ရှန်ဟိုင်းကို လာစေချင်တယ်ဆိုတာလေ Xiaoming အရမ်း ပျော်ပြီး တစ်ရက်တောင်မှ အိပ်မပျော်နိုင်ဘူး၊ သူအပျော်လွန်နေတာ။

08 ဦးလေး : ဟား. . ဟား ငါတို့အမေက အမြဲတမ်း Xiaoming အကြောင်းပဲပြောနေတာ၊ သူမြန်မြန်လာဖို့မျှော်နေတာ။

09 Xiaoming အဖေ : ဟုတ်တယ်၊ ငါတို့မလာတာလည်း တစ်နှစ်ကျော်လောက်ရှိပြီ။ အစ ကတည်းက နွေရာသီအားလပ်ရက်ရောက်ရင် ရှန်ဟိုင်းမှာ အဖွားနဲ့တွေ့ဖို့ Xiaoming ကိုခေါ်သွားဖို့ စီစဥ်ထားတယ်။

10 Xiaoming : အဖေ ဦးလေးလား၊ ကျွန်တော်ပြောချင်လို့။

11 Xiaoming အဖေ : ဟုတ်တယ်၊ မင်းဦးလေးပဲ၊မင်းအဘွားက မင်းကိုလွမ်းကြောင်း ပြောနေတာ။

12 Xiaoming အဖေ : Wang Nan ခဏစောင့်အုံး၊ Xiaoming က မင်းနဲ့ပြောချင်လို့တဲ့။

13 Xiaoming : ဦးလေး ကျွန်တော်လည်း အဘွားကိုအရမ်းလွမ်းတယ်လို့ ပြောပေးပါအုံး၊ ကျွန်တော်မနက်ဖြန်ကို မစောင့်နိုင်တော့ဘူး၊ ချက်ချင်းပဲသွား ချင်နေပြီ။

14 ဦးလေး : Xiaoming မင်းစိတ်မလောပါနဲ့၊ မကြာခင် နှစ်ဆုံးစာမေးပွဲဖြေရတော့မယ်၊ စာမေးပွဲအတွက် စာပုံမှန်လေ့ကျင့်နော်၊ အဲဒါမှ ရှန်ဟိုင်းလာလို့ရမှာ။

15 Xiaoming : ကျွန်တော်သိပါတယ်၊ ဦးလေးစိတ်ချ။

16 ဦးလေး : ဟားဟား ဒါပေါ့ ငါမင်းကိုယုံတယ်၊ မင်းတို့ ရှန်ဟိုင်းကိုလာရင်ငါမင်းတို့ ကို Jiangnan Shuixiang ကို လိုက်ပို့ပေးမယ်၊ တောင်ဘက်မှာလည်း ပျော်စရာ နေရာတွေအများကြီးရှိတယ်။

17 Xiaoming : အိုင်းယား ..ဦးလေးမပြောနဲ့တော့၊ ကျွန်တော်အခုချက်ချင်းသွားချင်ပြီ။

18 ဦးလေး : Xiaoming မလောပါနဲ့၊ မကြာခင်နွေရာသီကျောင်းပိတ်ရက်ရောက်မှာပါ။

19 ဦးလေး : ကောင်းပြီလေ Xiaoming ရှန်ဟိုင်းမှာတွေ့မယ်၊ ဖုန်းချလိုက်တော့မယ်ဘိုင့်. . ဘိုင့်။

C ဝေါဟာရ

01 မြန်မြန်
02 လက်ခံသည်
03 ဖုန်း
04 ဟယ်လို
05 ဘေးကင်းသော
06 ကြောက်သည်
07 စိတ်ပူသော
08 ဘေးကင်းကြောင်း ပြောပြသည်
09 ကောင်းပြီ(ချောမွေ့စွာ)
10 ပြီးပြီ
11 သိသည်
12 ခွင့်ပြုသည်
13 တစ်မိသားစုလုံး
14 တောင်မှ
15 ba (SOV)
16 အပျော်လွန်သော
17 အကြောင်းပြောနေတယ်
18 မျှော်နေသည်
19 ကျော်လောက်
20 အစကတည်းက
21 စီစဉ်သည်
22 နွေရာသီအားလပ်ရက်
23 အဖွား
24 ခဏစောင့်သည်
25 စကားပြောသည်
26 မစောင့်နိုင်ဘူး
27 ချက်ချင်း
28 စိတ်မလောပါနဲ့
29 မကြာခင်
30 တော့မယ်
31 နောက်ဆုံးစာမေးပွဲ
32 ပုံမှန်
33 de/di*
34 လေ့ကျင့်သည်
35 အရင်ဆုံး…ပြီးရင်
36 အဲဒါမှ
37 စိတ်ချပါ
38 ဒါပေါ့
39 ယုံသည်
40 နှင့်အတူလိုက်ပါသည်
41 နေရာနာမည်
42 လည်ပတ်သည်
43 တောင်ဘက်
44 နေရာ
45 မလောနဲ့
46 ရောက်တဲ့ အချိန်ကျရင်
47 ဖုန်းချသည်
48 ဘိုင့်ဘိုင့်

*跑得快 run fast 快地跑 quickly run မြန်မြန်ပြေးသည်

သင်ခန်းစာ(၅၀) : ရှေးကျသော တရုတ်သင်ခန်းစာ

A/B စာသား

01 ဆရာမ : ဆရာမနောက်က လိုက်ဆိုကြ၊ ဝါးဥယျာဉ်ရဲ့ဘေးမှာ မက်မွန်အကိုင်းအခက်လေးတွေလှဲ့နေ တယ်၊ ရေကူးနေတဲ့ဘဲလေးတွေက နွေဦးရဲ့ရေနွေးမှုကို အ ရင်ဆုံးခံစားရတယ်၊ ယင်းသစ် တွေက နေရာအနှံ့၊ ကျူပင်တွေရဲ့ အညွန့်အဖူး တွေက တိုတယ်။ ဒီအချိန်က ငါးပူတင်းတွေ စားချိန်ရောက်ပြီ။

02 ကျောင်းသား : ဝါးဥယျာဉ်ရဲ့ဘေးမှာ မက်မွန်အကိုင်းအခက်လေးတွေလှဲ့နေ တယ်၊ ရေကူးနေတဲ့ ဘဲလေးတွေက နွေဦးရဲ့ ရေနွေးမှုကို အရင်ဆုံးခံစားရ တယ်။ ယင်းသစ်တွေက နေရာ အနှံ့၊ ကျူပင်တွေက တိုတယ်။ ဒီအချိန် က ငါးပူတင်းတွေ စားချိန်ရောက်ပြီ။

03 ဆရာမ : Maike မင်းဘာလို့ ငါ့နောက်က လိုက်မဆိုတာလဲ။

04 Maike : ဆရာမ ကျွန်တော်တစ်ကြောင်းမှ နားမလည်ဘူး၊ နားထောင်ရတာသီချင်းဆိုသံ နဲ့တူနေ တယ်။

05 ဆရာမ : ဒါမင်းအမှားမဟုတ်ဘူး၊ ဒီနေ့ဆရာမတို့ ရှေးတုန်းကနာမည်ကြီးကဗျာကို လေ့လာနေတာ။

06 Maike : ရှေးတုန်းကကဗျာ။

07 Xiaoming : အိုင်းယား Maike ရှေးကျတဲ့ကဗျာဆိုတာ ရှေးတုန်းက ကဗျာဆရာတွေ ရေးခဲ့တဲ့ ကဗျာကို ပြောတာ၊ ဒီကဗျာက နာမည်ကြီး Sushi ရေးခဲ့တဲ့ကဗျာတစ် ပုဒ်ပဲ။

08 ဆရာမ : ဒီကဗျာရဲ့အဓိပ္ပာယ်ကို ဘယ်သူရှင်းပြမလဲ။

09 Xiaoming : ဆရာမ ကျွန်တော်ရှင်းပြမယ်၊ ဒီကဗျာရဲ့ အဓိပ္ပါယ်က . . .

10 Maike : ကျွန်တော်သိပြီ၊သိပြီ၊ ကဗျာထဲက တချို့အကြောင်းအရာ နွေးသော ဘဲပါသလိုပဲ။ အဲဒီနွေးတဲ့ ဘဲက စားလို့ ကောင်းတဲ့ အစားအစာတစ်မျိုးပဲမလား။

11 Maike : ဘာလို့ရယ်တာလဲ၊ ဆရာမ နွေးသောဘဲက ကျွန်တော်စားဖူးတဲ့ ဘဲအရသာနဲ့ အတူတူပဲမလား၊ အဲစကားလုံးက ဘဲရဲ့ စကားလုံးဆိုတာ သိသာပါတယ်။

12 ဆရာမ : မထင်ထားဘူး မင်းရဲ့ စိတ်ကူးစိတ်သန်းက တော်တော်အသိဉာဏ်ကြွယ်ဝတာပဲ။

13 Xiaoming : အိုး ဘုရားသခင်၊ Maike ဘဲက အကုန်းလုံး ဘဲကင်လို့ဆိုလိုတာမဟုတ် ဘူး၊ ဒီစာကြောင်း ရဲ့ အဓိပ္ပာယ်က နွေဦးရောက်ပြီ ရေကနွေးလာပြီ၊ ဘဲလေးတွေက ပထမဆုံးခံစားရတယ်။ နွေးတယ်ဆိုတာ ရေနွေးတာကို ဆိုလိုတာ၊ မင်းပြောတဲ့ နွေးတဲ့ဘဲရယ်၊ဘဲကင်ရယ်ကို ပြော တာမဟုတ်ဘူး။

14 ဆရာမ : Xiaoming၊ Maike တရုတ်စာလေ့လာတာမကြာသေးဘူး၊ ငါတို့သူ့ကို အားပေးရမယ်၊ မ လှောင်ရဘူး။

15 Xiaoming : ဆရာမ ကိစ္စမရှိပါဘူး၊ ကျွန်တော်နဲ့ Maike က သူငယ်ချင်းကောင်းတွေပါ သူစိတ်မဆိုးပါဘူး၊ ဟုတ်တယ်မလား Maike ။

16 ဆရာမ : Xiaoming၊ ဆရာမ မင်းကိုတာဝန်တစ်ခုပေးမယ်၊ ဒီည ဒီကဗျာကို
အစမှအဆုံးထိ Maike ကို နားလည်အောင်ရှင်းပြရမယ်၊ ဆရာမ မနက်ဖြန်စစ်
မယ်၊ ရတယ်မလား။

17 Xiaoming : ဆရာမ စိတ်ချပါ၊ ပြဿနာမရှိဘူး။

18 ဆရာမ : ကောင်းပြီ၊ ကျောင်းသားတွေအားလုံးသင်ခန်းစာပြန်ဆက်မယ်၊ အားလုံး ဆရာမနောက်က
လိုက်ဆိုကြ. .

C ဝေါဟာရ

01 အားလုံး
02 ငါနဲ့လိုက်ဆို
03 ဝါး
04 အပြင်
05 မက်မွန်ပန်း
06 အကိုင်း
07 နွေဦး
08 မြစ်
09 ရေ
10 နွေးသော
11 ဘဲ
12 ယင်းသစ်
13 ပြည့်သော
14 ကျူပင်
15 အညွန့်၊ အဖူး
16 တိုသော
17 အဲဒီအချိန်ရောက်ရင်
18 မြစ်
19 ငါးပူတင်း
20 အချိန်
21 ငါနဲ့ လိုက်ဆို
22 တစ်ကြောင်း
23 အလေးပေးမှု
24 နားမလည်ဘူး
25 နဲ့ တူတယ်
26 အပြစ်
27 စကားလုံးတိုင်းတာ(ပုဒ်)
28 အရမ်း
29 နာမည်ကြီးသော
30 ရှေးကဗျာ
31 ရှေးကဗျာဆရာ
32 အမည်
33 ရှင်းပြသည်
34 နည်းနည်း
35 အဓိပ္ပာယ်
36 ဘာရယ်တာလဲ
37 ဘဲကင်
38 ခန့်၊ လောက်
39 သိသာသော
40 မထင်ထားဘူး
41 စိတ်ကူး
42 တကယ်
43 ကြွယ်ဝသော
44 အိုးဘုရားသခင်
45 ဆိုလိုသည်
46 ရေနွေးလာပြီ
47 အရင်ဆုံး
48 ခံစားရသည်
49 လေ့လာသည်
50 တရုတ်စာ
51 မကြာသေးဘူး
52 အားပေးသည်
53 မရဘူး
54 လျှောင်သည်
55 ကိစ္စမရှိဘူး
56 သူငယ်ချင်း
57 မည်မဟုတ်
58 စိတ်ဆိုးသော
59 ပေးသည်
60 တာဝန်
61 အစမှ အဆုံးထိ
62 ပြောသည်
63 နားလည်သည်
64 စစ်ဆေးသည်
65 စိတ်ချ
66 ပြဿနာမရှိဘူး

D မေးခွန်း

ဝေါဟာရ ： 01 ကြားရတာ 02 ဆက်စပ်သည်

教室生詞｜教室生词

老師說話｜老师说话

01 請進｜请进

02 同學們好｜同学们好

03 請坐｜请坐

04 安靜！｜安静！

05 上課｜上课

06 把書打開｜把书打开

07 翻到第七頁｜翻到第七页

08 聽我說｜听我说

09 跟我讀｜跟我读*

10 什麼意思？｜什么意思？

11 誰知道？｜谁知道？

12 懂不懂？

13 明白了嗎？｜明白了吗？

14 舉個例子｜举个例子

15 請說慢一點｜请说慢一点

16 請再說一遍｜请在说一遍

17 有問題嗎？｜有问题吗？

18 請把書闔上｜请把书合上

19 複習功課｜复习功课

20 下課｜下课

學生說話｜学生说话

01 報告

02 老師好｜老师好

03 什麼意思？｜什么意思？

04 請再說一遍(兒)｜请再说一遍(儿)

05 請說慢一點(兒)｜请说慢一点(儿)

06 我有問題｜我有问题

07 我沒有問題｜我没有问题

08 怎麼拼？｜怎么拼？

09 怎麼寫？｜怎么写？

10 怎麼讀？｜怎么读？

11 我可以上洗手間嗎？

｜我可以上洗手间吗？

12 再見｜再见

Jiàoshì shēngcí

Lǎoshī shuōhuà

01 qǐngjìn
02 tóngxuémen hǎo
03 qǐng zuò
04 ānjìng
05 shàngkè
06 bǎ shū dǎkāi
07 fān dào dì qī kè
08 tīng wǒ shuō
09 gēn wǒ dú
10 shénme yìsi?
11 shéi zhīdào?
12 dǒng bù dǒng?
13 míngbái le ma?
14 jǔ ge lìzi
15 qǐng shuō màn yīdiǎn(r)
16 qǐng zài shuō yībiàn(r)
17 yǒu wèntí ma?
18 qǐng bǎ shū héshàng
19 fùxí gōngkè
20 xiàkè

xuéshēng shuōhuà

01 bàogào
02 lǎoshī hǎo
03 shénme yìsi?
04 qǐng zài shuō yībiàn(r)
05 qǐng shuō màn yīdiǎn(r)
06 wǒ yǒu wèntí
07 wǒ méiyǒu wèntí
08 zěnme pīn?
09 zěnme xiě?
10 zěnme dú?
11 wǒ kěyǐ shàng xǐshǒujiān ma?
12 zàijiàn

စာသင်ခန်းသုံးဝေါဟာရ

ဆရာ/မပြောသောစကားများ

01 ဝင်ခဲ့ပါ
02 ကျောင်းသားများအားလုံးမင်္ဂလာပါ
03 ထိုင်ပါ
04 တိတ်တိတ်နေပါ
05 အတန်းစမယ်
06 စာအုပ်ဖွင့်ပါ
07 စာမျက်နှာခုနစ်ကို လှန်ပါ
08 ပြောတာနားထောင်အုံး
09 ဆရာနောက်လိုက်ဆို
10 ဘာအဓိပ္ပာယ်လဲ
11 ဘယ်သူသိလဲ
12 နားလည်လား
13 နားလည်ပြီလား
14 ဥပမာပေးပါ
15 ဖြည်းဖြည်းပြောပါ
16 နောက်တစ်ခေါက်ပြန်ပြောပါ
17 မေးခွန်းရှိလား
18 စာအုပ်ပိတ်ပါ
19 သင်ခန်းစာပြန်လုပ်ပါ
20 အတန်းဆင်းမယ်

ကျောင်းသား/သူပြောသော စကားများ

01 ဝင်ခွင့်ပြုပါ
02 မင်္ဂလာပါဆရာ/မ
03 အဓိပ္ပာယ်ကဘာလဲ
04 နောက်တစ်ခေါက်ထပ်ပြောပါ
05 ဖြည်းဖြည်းပြောပေးပါ
06 ကျွန်တော်မေးခွန်းရှိတယ်
07 ကျွန်တော်မေးခွန်းမရှိပါဘူး
08 ဘယ်လိုစာလုံးပေါင်းရတာလဲ
09 ဘယ်လိုရေးရတာလဲ
10 ဘယ်လိုဖတ်တာလဲ
11 ကျွန်တော်သန့်စင်ခန်းသွားလို့ရလား
12 နောက်မှတွေ့မယ်

漢語拼音｜汉语拼音 Hanyu Pinyin
လက်တင်အရေးအသားစနစ်

聲母｜声母 Shēngmǔ ပထမအပိုင်း (Initials)

01a

b	p	m	f
d	t	n	l
g	k	h	
j	q	x	
zh	ch	sh	r

01b

b/p	d/t	g/k	j/q	z/c	zh/ch

韻母｜韵母 Yùnmǔ နောက်ဆုံးအပိုင်း (Finals)

02a

a	o	i	e	er
ai	ei	ao	ou	an
en	ang	eng	ong	

02b

in/ing	en/eng	an/ang

Shēngdiào အသံပြောင်းလဲမှု (Tones)

03

mā	má	mǎ	mà	ma

帶有聲調的例子｜带有声调的例子
dàiyǒu shēngdiào de lìzi အသံထွက်ဥပမာများ

Shāndōng	fēijī	fāyīn	guānxīn
Zhōngguó	huāchá	jīnnián	huānyíng
kāishuǐ	gāngbǐ	shēntǐ	jīchǎng
gōngzuò	chīfàn	yīyuàn	shāngdiàn
tāmen	zhīdao	duōshao	gēge

lǎoshī	Běijīng	xǐhuān	huǒchē
Fǎguó	xiǎoshí	kěnéng	shuǐpíng
nǐ hǎo	Kǒngzǐ	guǎngchǎng	Běihǎi
mǐfàn	hǎoxiàng	zhǔyào	hǎohàn
jiǎozi	mǔqin	wǎnshang	zǎoshang

Nánjīng	shíjiān	zuótiān	Chángjiāng
hóngchá	tóngxué	Huánghé	chángcháng
cháguǎn	liángshuǐ	chíjiǔ	rénkǒu
niúròu	nánkàn	báicài	yíyàng
míngzi	shíhou	xuésheng	péngyou

Sìchuān	shàngbān	qìchē	kètīng
jiùxié	pàrén	dìtú	sìshí
Rìběn	Hànyǔ	Shànghǎi	fànguǎn
guìxìng	hànzì	huàbào	zàijiàn
àiren	dìfang	xièxie	bàba

nǎr	zhèr	nàr	yīdiǎnr	nánháir	nǚháir

聲調規則 | 声调规则 Shēngdiào guīzé
အသံပြောင်းလဲမှုရဲ့ စည်းကမ်းများ

01 သရ **ɑ e i o u ü** ပေါ်တွင်အသံတင်သည်၊ ဗျည်းပေါ်တွင်မတင်ပါ။
mǎ mén mín mò mù nǚ

02 **ɑ** သို့မဟုတ် **e** ပေါ်တွင် အမြဲတမ်းတင်သည်
bāo bēi

03 **ou** သို့မဟုတ် **uo** သည် ပေါ်တွင်အသံတင်သည်
hóu guó

04 သရနှစ်လုံးရှိရင် နောက်ဆုံးသရပေါ်တွင်အသံတင်သည်

05 bu အသံပြောင်းလဲမှုများ:
búyào búshì búqù bùshuō bùlái bùhǎo

06 yi အသံပြောင်းလဲမှုများ:
yīxià (yíxià) yīqǐ (yìqǐ)

07 အသံသုံး နှစ်ခုပေါင်းစပ်လျှင် အရှေ့အသံကို အသံနှစ်ဖြင့်ထွက်ဆိုရမည်:
nǐ hǎo (ní hǎo) suǒyǐ (suóyǐ) hěn jiǔ (hén jiǔ)

筆順｜笔顺
bǐshùn ရေးနည်းအဆင့်ဆင့်

01 上面到下面 shàngmiàn dào xiàmiàn
 အပေါ်မှ အောက်သို့ ရေးပါ

02 左邊到右邊｜左边到右边 zuǒbiān dào yòubiān
ဘယ်ဘက်မှ ညာဘက်သို့ ရေးပါ

03 第一個寫中間｜第一个写中间 dì yī ge xiě zhōngjiān
အရင်ဆုံးအလယ်မှ စရေးပါ

04 第一筆寫橫的再寫垂直｜第一笔写横的再写垂直
dì yī bǐ xiě héng de zài xiě chuízhí အရင်ဆုံး hengကိုရေးပြီး မျဉ်းမတ်ကို ရေးပါ

05 外面到裡面｜外面到里面 wàimiàn dào lǐmiàn
အပြင်မှ အထဲကို ရေးပါ


06 最後一筆將其圍起來完成｜最后一笔将其围起来完成
zuìhòu yī bǐ jiāng qí wéi qǐlái wánchéng နောက်ဆုံးတွင် မျဉ်းပိတ်ကို ဆွဲပါ

07 最後寫一豎｜最后写一竖 zuìhòu xiě yī shù
နောက်ဆုံးတွင် မျဉ်းမတ်ကို ရေးပါ

1 立 2 吃 3 小 4 十 5 日 6 回 7 羊

漢字部分｜汉字部分

Hànzì bùfèn တရုတ်စကားလုံးအစိတ်အပိုင်းများ



yī shí dà　liù bà gē　bā jiě lín　kě bāo sī

一十大｜六爸哥｜八姐林｜可包司

zǒu jìn tí　zuǒ yòu shí　zuò xiè chuān　gāo kǔ chá

走近題｜左右石｜做謝川｜高苦茶

kùn qiú yīn　jù qū yī　xiōng hán jī　tóng wèn wén

困囚因｜巨區医｜凶函击｜同問聞

一類漢字 ｜一类汉字

Yīlèi Hànzì တရုတ်စကားလုံးပုံစံများ

01 象形 xiàngxíng; ဆင်တူခြင်း (pictogram)

တစ်စုံတစ်ခုနှင့် ဆင်တူသော တရုတ်စကားလုံးများ

日 နေ	雨 မိုး	火 မီး	口 ပါးစပ်	山 တောင်

02 指事 zhǐshì အမှတ်အသား (simple ideogram)

စိတ်ကူးအကြံဉာဏ်ဖြင့် ဖော်ပြသောတရုတ်စကားလုံးများ

一 တစ်	二 နှစ်	上 အထက်	下 အောက်	本 အမြစ်

03 會意 huìyì ပူးတွဲအဓိပ္ပာယ် (compound ideogram)

အပိုင်းနှစ်ပိုင်းဖြင့် အဓိပ္ပာယ်ဖော်ပြသော တရုတ်စကားလုံးများ

林 တောအုပ်လေး	森 သစ်တော	休 အနားယူသည်	看 မြင်သည်	武 စစ်တပ်

04 假借 jiǎjiè အဓိပ္ပာယ်ပြောင်းလဲခြင်း (phonetic loan)

အဓိပ္ပာယ်ပြောင်းလဲသွားသော တရုတ်စကားလုံးများ

來 လာသည်	四 လေး	北 မြောက်	要 ချင်သည်	永 ထာဝရ

05 形聲 xíngshēng အသံနှင့် အဓိပ္ပာယ် (phono-semantic compound)

တစ်ပိုင်းက အသံ၊ တစ်ပိုင်းက အဓိပ္ပာယ်ကို ဖော်ပြသော တရုတ်စကားလုံးများ

蹬 ခြေလှမ်းသည်	瞪 စိုက်ကြည့်သည်	僜 Deng လူမျိုး	澄 တည်ငြိမ်သော	嶝 တောင်လမ်း

部首 / 偏旁
Bùshǒu / Piānpáng အစိတ်အပိုင်းတို့၏ အဓိပ္ပာယ်

	Radical*	အဓိပ္ပာယ်	Radical အမည်	ဥပမာများ
1	nǚ 女	မိန်းကလေး	nǚ zìpáng 女字旁	mā mā jiě mèi tā hǎo 媽 妈 姐 妹 她 好
2	cǎo 艸 草	မြက်	cǎo zìtóu 草字頭	cǎo chá huā cài 草 茶 花 菜
3	shuǐ 氵 水	ရေ	sāndiǎnshuǐ 三點水	xǐ kě hǎi hàn hé 洗 渴 海 汗 河
4	mù 木	သစ်သား	mù zìpáng 木字旁	běn lái lái shù shù lín sēn 本 來 来 樹 树 林 森
5	shǒu 手	လက်	tíshǒupáng 提手旁	shǒu wò pāi dǎ zhǐ 手 握 拍 打 指
6	kǒu 口	ပါးစပ်	kǒu zìpáng 口字旁	kǒu chī wèi hē wèn wèn 口 吃 味 喝 問 问
7	xīn 心 忄	နှလုံးသား	xīn zìdǐ 心字底	xīn pà kuài ài ài nín 心 怕 快 愛 爱 您
8	chóng 蟲 | 虫	ပိုးမွှား	chóng zìpáng 蟲字旁	yíng yíng láng yǐ yǐ dàn 蠅 蝇 螂 蟻 蚁 蛋
9	zhú 竹	ဝါး	zhú zìtóu 竹字頭	xiāng kuài gān kuāng bǐ bǐ 箱 筷 竿 筐 筆 笔
10	yán 言 訁	စကား	yán zìpáng 言字旁	cí cí yǔ yǔ dìng dìng shí shí 詞 词 語 语 訂 订 識 识

* အစိတ်အပိုင်းတို့၏ အဓိပ္ပာယ်

數字｜数字

shùzì ဂဏန်းများ

0 - 10	líng yī èr sān sì wǔ liù qī bā jiǔ shí　　yāo　liǎng liǎng 零* 一** 二***三 四 五 六 七 八 九 十　　*〇 **幺 *** 兩|两
20 - 90	èr shí sān shí sì shí wǔ shí liù shí qī shí bā shí jiǔ shí 二十 三十 四十 五十 六十 七十 八十 九十
100 - 900	yībǎi liǎng èr bǎi sān bǎi sìbǎi wǔbǎi liùbǎi qī bǎi bā bǎi jiǔ bǎi 一百 兩/二百 三百 四百 五百 六百 七百 八百 九百

11	shí yī 十一	23	èr shísān 二十三	101	yībǎilíngyī 一百零一	520	wǔbǎièr shí 五百二(十)
12	shí èr 十二	44	sì shísì 四十四	113	yībǎiyīshí sān 一百一十三	999	jiǔ bǎijiǔ shí jiǔ 九百九十九

1000 - 9000	yīqiān liǎngqiān sān qiān sìqiān wǔqiān liùqiān qī qiān bā qiān jiǔqiān　liǎng 一千 兩千 三千 四千 五千 六千 七千 八千 九千　(两)
10,000 - 90,000	yīwàn liǎngwàn sānwàn sìwàn wǔwàn liùwàn qīwàn bāwàn jiǔwàn　wàn 一萬 兩萬 三萬 四萬 五萬 六萬 七萬 八萬 九萬　(万)
100,000 - 700,000	shíwàn èr shíwàn sān shíwàn sì shíwàn wǔ shíwàn liù shíwàn qī shíwàn　wàn 十萬 二十萬 三十萬 四十萬 五十萬 六十萬 七十萬　(万)

6852	liùwànbā bǎiwǔ shí èr 六萬八百五十二	22,388	liǎngwànliǎngqiānsān bǎibā shí bā　wàn 兩萬兩千三百八十八　(万)

1,000,000	yībǎiwàn 一百萬	1,500,000	yībǎiwǔ shíwàn 一百五十萬　(萬|万)
10,000,000	qiānwàn 千萬	55,800,000	wǔqiānwǔbǎibā shíwàn 五千五百八十萬 (萬|万)
100,000,000	yì 億	200,470,000	èr qiānlíngsìwànqī qiān 二千零四萬七千 (〇|零)(萬|万)
1,000,000,000	shíyì 十億	3,950,000,000	sānshí jiǔyìwǔqiānwàn 三十九亿五千万 (億|亿)(萬|万)

加 jiā အပေါင်း	減 jiǎn အနှုတ်	乘(以) chéng(yǐ) အမြှောက်	除(以) chú(yǐ) အစား	等(於) děng(yú) ညီမျှခြင်း

時間和日期 | 时间和日期

shíjiān hé rìqí အချိန်နှင့်ရက်စွဲ

Mon	Tues	Wed	Thurs	Fri	Sat	Sun	Sun
xīngqíyī 星期一	xīngqíèr 星期二	xīngqísān 星期三	xīngqísì 星期四	xīngqíwǔ 星期五	xīngqíliù 星期六	xīngqírì 星期日	xīngqítiān 星期天
lǐbàiyī 禮拜一	lǐbàièr 禮拜二	lǐbàisān 禮拜三	lǐbàisì 禮拜四	lǐbàiwǔ 禮拜五	lǐbàiliù 禮拜六	lǐbàirì 禮拜日	lǐbàitiān 禮拜天
zhōuyī 週一	zhōuèr 週二	zhōusān 週三	zhōusì 週四	zhōuwǔ 週五	zhōuliù 週六	zhōurì 週日	zhōutiān 週天

Jan	Feb	March	April	May	June	July	Aug	Sep	Oct	Nov	Dec
yīyuè 一月	èryuè 二月	sānyuè 三月	sìyuè 四月	wǔyuè 五月	liùyuè 六月	qīyuè 七月	bāyuè 八月	jiǔyuè 九月	shíyuè 十月	shíyīyuè 十一月	shíèryuè 十二月

天 နေ့ရက်များ	星期 သီတင်းပတ်	月 လ	年 နှစ်
hòutiān 後天 သဘက်ခါ	liǎngge xīngqíhòu 兩個星期後 နှစ်ပတ်ပြီးနောက်	liǎngge yuèhòu 兩個月後 နှစ်လပြီးနောက်	liǎngniánhòu 兩年後 နှစ်နှစ်ပြီးနောက်
míngtiān 明天 မနက်ဖြန်	xiàge xīngqí 下個星期 လာမည့်အပတ်	xiàge yuè 下個月 နောက်လ	míngnián 明年 နောက်နှစ်
jīntiān 今天 ဒီနေ့	zhège xīngqí 這個星期 ဒီအပတ်	zhège yuè 這個月 ဒီလ	jīnnián 今年 ဒီနှစ်
zuótiān 昨天 မနေ့က	shangge xīngqí 上個星期 ပြီးခဲ့တဲ့အပတ်က	shangge yuè 上個月 ပြီးခဲ့သည့်လက	qùnián 去年 မနှစ်က
qiántiān 前天 တမြန်နေ့က	liǎngge xīngqíqián 兩個星期前 လွန်ခဲ့သောနှစ်ပတ်	liǎngge yuèqián 兩個月前 လွန်ခဲ့သောနှစ်လ	liǎngniánqián 兩年前 လွန်ခဲ့သောနှစ်နှစ်က

ရုပ်ထွေးသောနှင့် ရိုးရှင်းသောစကားလုံး: 禮拜|礼拜 (lǐbài lǐbài) 週|周 (zhōu zhōu) 兩|两 (liǎng liǎng) 這|这 (zhè zhè) 個|个 (ge ge) 後|后 (hòu hòu)

文法詞彙｜文法词汇
Wénfǎ Cíhuì သဒ္ဒါဝေါဟာရ

1	名詞｜名词	míngcí	shān shuǐ jiā 山、水、家	Noun
2	代(名)詞｜代(名)词	dài(míng)cí	wǒ nǐ tā 我、你、他	Pronoun
3	形容詞｜形容词	xíngróngcí	hǎo gāo dà 好、高、大	Adjective
4	動詞｜动词	dòngcí	chī hē pǎo 吃、喝、跑	Verb
5	助動詞｜助动词	zhùdòngcí	guò le zhe 過、了、著	Adverb
6	副動詞｜副动词	fùdòngcí	néng huì kěyǐ 能、會、可以	Auxiliary Verb
7	被動結構｜被动结构	bèidòng jiégòu	bèi ràng gěi shòu 被、讓、給、受	Passive Voice
8	把 結構｜把 结构	bǎ jiégòu	bǎ 把	bǎ construction
9	介(係)詞｜介(系)词	jiè(xì)cí	zài shang xià 在、上、下	Preposition
10	連(接)詞｜连(接)词	lián(jiē)cí	hé dàn huò 和、但、或	Conjunction
11	語氣(詞)｜语气(词)	yǔqì(cí)	ā ò la 啊、哦、啦	Modal Particle
12	量詞｜量词	liàngcí	běn zhǐ jiàn 本、只、件	Measure Word
13	數詞｜数词	shùcí	yī èr sān 一、二、三	Number
14	主語｜主语	zhǔyǔ	wǒchànggē 我唱歌	Subject
15	賓語｜宾语*	bīnyǔ	wǒàinǐ 我愛你	Object
16	補語｜补语	bǔyǔ	nǐpǎodekuài 你跑得快	Complement
17	強調｜强调	qiángdiào	kě tài zhǐ 可、太、只	Emphasis
18	正式的		zhèngshì de	nínhǎo 您好	Formal
19	非正式的	fēi zhèngshì de	hēi 嘿	Informal

* 台灣：受詞｜受词 shòucí ခံရသူ

20	肯定	kěndìng	tā hěnshuài 他很帥	Positive (+)
21	否定	fǒudìng	tā bú shuài 他不帥	Negative (−)
22	口語｜口语	kǒuyǔ	shì 是	Spoken language
23	文言	wényán	nǎi 乃	Classical Chinese
24	未來式｜未来式	wèiláishì	huì yào jiāng 會、要、將	Future
25	現在式｜现在式	xiànzàishì	zài xiànzài 在、現在	Present
26	進行式｜进行式	jìnxíngshì	zhèngzài zhe 正在、著	Ongoing
27	過去式｜过去式	guòqùshì	過、了*	Past (Change、Stress)*
28	的	de	wǒ de 我的	Possessive、Stress
29	得	de	chàng de hěn piàoliàng 唱得很漂亮	Complement Particle
30	地	de、dì	piàoliàng de chànggē 漂亮地唱歌	Adverbial Particle

1 နာမ် 2 နာမ်စား 3 နာမဝိသေသန 4 ကြိယာ 5 ကြိယာဝိသေသန 6 အကူကြိယာ 7 ပုဒ်စု 8 ပုဒ် 9 ဝိဘတ် 10 စကားဆက် 11 နောက်လိုက်စကားလုံး 12 စကားလုံးတိုင်းတာ 13 နံပါတ် 14 ပြုလုပ်သူ 15 ခံရသူ 16 ဖြည့်စွက်စကားလုံး 17 အလေးပေးမှု 18 ယဉ်ကျေးသော 19 ပုံမှန် 20 အပြုသဘောဆောင်သော 21အပျက်သဘောဆောင်သော 22 စကားပြော 23 စာပေသုံး 24 အနာဂတ် 25 ပစ္စုပ္ပန် 26 လက်ရှိ(ဖြစ်နေသည်) 27 အတိတ် 28 ပိုင်ဆိုင်မှု 29 ဖြည့်စွက်ပစ္စည်း 30 ကြိယာဝိသေသန နောက်ဆက်

20	肯定	kěndìng	tā hěnshuài 他很帥	Positive (+)
21	否定	fǒudìng	tā bú shuài 他不帥	Negative (−)
22	口語｜口语	kǒuyǔ	shì 是	Spoken language
23	文言	wényán	nǎi 乃	Classical Chinese
24	未來式｜未来式	wèiláishì	huì yào jiāng 會、要、將	Future
25	現在式｜现在式	xiànzàishì	zài xiànzài 在、現在	Present
26	進行式｜进行式	jìnxíngshì	zhèngzài zhe 正在、著	Ongoing
27	過去式｜过去式	guòqùshì	過、了*	Past (Change、Stress)*
28	的	de	wǒ de 我的	Possessive、Stress
29	得	de	chàng de hěn piàoliàng 唱得很漂亮	Complement Particle
30	地	de、dì	piàoliàng de chànggē 漂亮地唱歌	Adverbial Particle